မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ ၂၀၀၈ ခုနှစ်၊ ဩဂုတ် ၁၅ ရက်၊ သောကြာနေ့၊ အတွဲ (၄၇)၊ အမှတ် (၁၁၅)

ပဋ္ဌိတာနဉ္စသေဝနာ ဧတံ မင်္ဂလ မုတ္တမံ

ပညာရှိသောသူကို မှီဝဲဆည်းကပ်ခြင်းသည်
မြတ်သော မင်္ဂလာမည်၏။

နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည် စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့်အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ရှမ်းပြည်နယ်(မြောက်ပိုင်း) တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်ကျောင်းသားကျောင်းသူများ ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်များပေးအပ်ချီးမြှင့်ပွဲ ကျင်းပ

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင် တန့်ယန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးတွင် မြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

နေပြည်တော် ဩဂုတ် ၁၄

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့၌ ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း) ဥက္ကဋ္ဌ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် အဖွဲ့ဝင်များလိုက်ပါလျက် ဩဂုတ် ၁၁ ရက် နံနက် ၈ နာရီက လားရှိုးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် ရှမ်းပြည်နယ်(မြောက်ပိုင်း)၏ ၂၀၀၈ ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ပြည်နယ်အဆင့် အောင်မြင်မှုအမြင့်မားဆုံးမြို့နယ်များ၊ ကျောင်းများနှင့် ထူးချွန်ကျောင်းသား ကျောင်းသူများအား ထူးချွန်ဆုနှင့် ဂုဏ်ပြုလက်မှတ်များ ပေးအပ်ချီးမြှင့်ပွဲသို့ တက်ရောက်သည်။

ပေးအပ်ချီးမြှင့်

အခမ်းအနားတွင် ဗိုလ်ချုပ်မင်းအောင်လှိုင်က ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ပြည်နယ်အဆင့် ပထမ အောင်မြင်မှုအများဆုံးရရှိသည့် မူဆယ်မြို့နယ်၊ ဒုတိယရရှိသည့် မိုးမိတ်မြို့နယ်နှင့် တတိယရရှိသည့် တန့်ယန်းမြို့နယ်တို့ကို လည်းကောင်း၊ ပြည်နယ်အဆင့် ပထမအောင်မြင်မှု အများဆုံးရရှိသည့် မိုးမိတ်မြို့နယ် မကျည်းပင် အခြေခံပညာအထက်တန်းကျောင်းခွဲ၊ ဒုတိယဆုရရှိသည့် လားရှိုးမြို့နယ် အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်းနှင့် တတိယဆုရရှိသည့် မိုးမိတ်မြို့နယ်ညောင်ပင်စောက် အခြေခံပညာအထက်တန်းကျောင်းတို့ကိုလည်းကောင်း ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်သည်။

စာမျက်နှာ ၁၁ ကော်လံ ၁ ✻

မိုးရွာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့အလင်း ဆောင်းပါး အညွှန်း

ယနေ့ ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုနှင့် မှုမှန်သည့် ကျန်းမာရေး အလေ့အကျင့်ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေး အဆင့်အတန်း တိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည် ဖြစ်ပါသည်။ အမျိုးသားစည်းကမ်းအစ၊ စာသင်ကျောင်းကဆိုသကဲ့သို့ အမျိုးသားကျန်းမာရေးအစ၊ စာသင်ကျောင်းကပင် ဖြစ်ပါသည်။

ဒေါက်တာအောင်ထွဏ်း စီမံချက်မန်နေဂျာ (ကျောင်းကျန်းမာရေး)၏ ဆောင်းပါး စာ ၁၀ နှင့် ၁၁

မြန်မာ့အလင်း အားကစားသတင်းအညွှန်း

၂၀၀၈ - ၂၀၀၉ ပရီမီယာလိဂ်ဘောလုံးရာသီအဖွင့်

၂၀၀၈ - ၂၀၀၉ ပရီမီယာလိဂ် ဘောလုံးရာသီရဲ့ ကန့်လန့်ကာကို ဩဂုတ် ၁၆ ရက်မှာ စတင် ဖွင့်လှစ်တော့မှာဖြစ်ပါတယ်။ ဒီနှစ်ပရီမီယာလိဂ်မှာတော့ အလယ်အလတ်ရှိတဲ့ အသင်းတွေကလည်း ကြိုတင်ပြင်ဆင်မှုနဲ့ ဘောလုံးသမားအသစ် ဖြည့်ဆည်းမှုတွေကို အင်နဲ့အားနဲ့ လုပ်ဆောင်နေကြတာကြောင့် ရာသီမစခင်ကတည်းက ပရီမီယာလိဂ်ဟာ ရင်ခုန်လှုပ်ရှားစရာ ကောင်းနေတာမို့ ပရီမီယာလိဂ် ကန့်လန့်ကာရဲ့ နောက်ကွယ်အနေအထားကို အကဲခတ်ကြည့်လိုက်တဲ့အခါ . . .

ပရီမီယာလိဂ်အကြိုသတင်း စာ - ၁၂

ပေကျင်းအိုလံပစ်ပွဲတော် ဆက်လက်ဆင်နွှဲ

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို ဆက်လက်ဆင်နွှဲလျက်ရှိရာ နိုင်ငံအသီးသီးမှ အားကစားမောင်မယ်များ ရွှေတံဆိပ်များ ရယူနိုင်ရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်လျက်ရှိသည်။

ကမ္ဘာတစ်လွှား အားကစား စာ - ၁၃

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၈ ခုနှစ် ဩဂုတ် ၁၅ ရက်)

နယ်စပ်ဒေသ တိုင်းရင်းသားလူမျိုးများ လူမှုစီးပွားဘဝ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်

နိုင်ငံတော်အစိုးရသည် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးရေး စီမံကိန်းများချမှတ်၍ ဆောင်ရွက်လျက်ရှိသည်။

နယ်စပ်ဒေသများသည် ပထဝီဝင်အနေအထားအရ အဟန့်အတားရှိနေ၍ နယ်ချဲ့လက်အောက်ကျရောက်စဉ်က နယ်ချဲ့တို့သည် အမြတ်အစွန်း ရရန် ခက်ခဲသောဒေသဖြစ်သည့် နယ်စပ်ဒေသကို လျစ်လျူရှုခဲ့သဖြင့် ဖွံ့ဖြိုးမှုမရှိခဲ့ပေ။

တပ်မတော်လက်ထက်တွင် နယ်စပ်ဒေသများသည် ငြိမ်းအေးမှုရရှိခဲ့သည့်အတွက် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်းကို ၁၉၈၉ခုနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ နယ်စပ်ဒေသများရှိ တိုင်းရင်းသားပြည်သူများသည် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများဖြစ်ထွန်းလျက် ဖွံ့ဖြိုးမှု၏အသီးအပွင့်များကို ရရှိခံစားနေကြရပြီ ဖြစ်သည်။

နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ စတုတ္ထငါးနှစ်စီမံကိန်းကာလ၏ စီမံကိန်းဒုတိယနှစ် ကာလသို့ ရောက်ရှိနေပြီဖြစ်သည်။ နိုင်ငံတော်အစိုးရသည် နယ်စပ်ဒေသဖွံ့ဖြိုးရေးအတွက် ၁၉၈၉ခုနှစ်မှစ၍ ယခုအထိ ငွေကျပ်သန်းပေါင်း ၂၃၁၁၃ကျော် အကုန်ကျခံ ဆောင်ရွက်ပေးခဲ့ပေသည်။

မျက်မှောက်ကာလတွင် နိုင်ငံတော်အနေဖြင့် မျိုးဆက်သစ်လူငယ်များကို ခေတ်မီသိပ္ပံနှင့် နည်းပညာရပ်များ တတ်သိကျွမ်းကျင်ပြီး စွမ်းရည် ထက်မြက်မြင့်မားသည့် အသိပညာရှင်၊ အတတ်ပညာရှင်များဖြစ်လာစေရန် ပြုစုပျိုးထောင်လျက်ရှိပြီး နယ်စပ်ဒေသရှိ တိုင်းရင်းသားလူငယ်များအတွက် သီးခြားအစီအမံများ ဆောင်ရွက်ပေးလျက်ရှိပြီး တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းများလည်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိသည်။

ယခုအခါ နယ်စပ်ဒေသအပါအဝင် ပြည်ထောင်စုတစ်ဝန်း ငြိမ်းချမ်းသာယာနေပြီး စီးပွားရေး၊ လူမှုရေး အခြေခံကောင်းများ တိုးတက်မြင့်မား လာခဲ့ရာ နိုင်ငံတစ်ဝန်း ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းရေးသား လိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက် စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြဝတီရုပ်မြင်သံကြား

၁၅-၈-၂၀၀၈ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၅ ၆။ **မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်**
၇း၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၁၅ ၄။ မဟာဂီတချိုကြည်မြ
၄း၂၀ ၅။ မျိုးချစ်တပ်မတော်
၄း၃၀ ၆။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၇။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄း၅၀ ၈။ အမျိုးသားရေးတေးကဗျာ
၅း၀၀ ၉။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၃၅ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၅ ၁၄။ စောင့်မျှော်ရှုစား ကြိုးဝိုင်းစကား
၆း၄၅ ၁၅။ လှျပ်တစ်ပြက်
၇း၀၀ ၁၆။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ပျော်ရွှင်ပါစေ** (အပိုင်း-၅၄)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ မိုးလေဝသသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ လယ်တီဆရာတော်ကြီး၏ ထေရုပ္ပတ္တိ **တို့မြန်မာလူမျိုးအတွက် ရေးသည့်စာတစ်ပုဒ် ရွှေချောင်းတစ်ချောင်း**
၂၁။ စိုက်ပျိုးသုတ
၂၂။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၃။ ရသစုံလင် ရုပ်မြင်ဇာတ်လမ်း **ဖြူစင်ခြင်း၏နောက်ကွယ်** (အပိုင်း -၁၃)

မိုးစပါးစိုက်ပျိုးထွန်ယက်နေမှုနှင့် မြေသြဇာကြဲပက်နေမှု တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ လှည့်လည်ကြည့်ရှုအားပေး

ရန်ကုန် ဩဂုတ် ၁၄

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေသည် ဩဂုတ်၄ရက် နံနက်က မန္တလေးခရိုင် အမရပူရမြို့နယ် ထုံးဘို-မြစ်ငယ်သွားလမ်းဘေးရှိ ဆောက်တောဝကျေးရွာ၌ တောင်သူဦးအောင်ဖေ၏ လယ်မြေ၄ဒသမ ၈၂ဧကတွင် မိုးစပါး ဆင်းသွယ်လတ်မျိုးများ စိုက်ပျိုးနေမှု၊ ပတ်ဝန်းကျင်လယ်များ၌ မြေပြုပြင်နေမှုနှင့် မြေသြဇာပက်ဖျန်းနေမှုတို့ကို သွားရောက်ကြည့်ရှုအားပေးပြီး**(အပေါ်ပုံ)** ဒေသခံတောင်သူလယ်သမားများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံ၍ လိုအပ်သည်များမေးမြန်းကာ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အမရပူရမြို့နယ်တွင် မိုးစပါးစိုက်ပျိုးရန် ၁၄၈၆၈ ဧက လျာထားသတ်မှတ်ထားပြီး ဩဂုတ်၄ရက်အထိ ၂၁၈၄၉ဧက စိုက်ပျိုးပြီးဖြစ်ကြောင်းနှင့် စိုက်ပျိုးရန်ဧကများကိုလည်း သတ်မှတ်ကာလအတွင်း အပြီးစိုက်ပျိုးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၅-၈-၂၀၀၈ (သောကြာနေ့)

AM & PM

၇း၀၀-၁း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅ **အန္တရာယ်ကင်းပရိတ်ကြီး(၁၁) သုတ်အဋ္ဌုပ္ပတ္တိနှင့်ပါဠိတော်** (အောင်စကြာဆရာတော် အရှင်စန္ဒသိရီ)
၈း၂၀-၂း၂၀ ကြည်ညိုဖူးမြော် ရှင်ပင်စက္ကိန်းတဲစေတီတော်
၈း၃၀-၂း၃၀ တေးဂီတအစီအစဉ်
၈း၃၅-၂း၃၅ Art Vision (Ayeyawaddy Water Colour Art Exhibition)
၈း၅၅-၂း၅၅ ပြည်တွင်းသတင်းအကျဉ်း
၉း၀၅-၃း၀၅ International Video Topics (ပေကျင်းအိုလံပစ်အားကစား ကွင်း တည်ဆောက်ခြင်း)
၉း၃၅-၃း၃၅ တေးဂီတအစီအစဉ်
၉း၄၀-၃း၄၀ နိုင်ငံတကာသတင်းအကျဉ်း
၉း၄၅-၃း၄၅ ကနက်သီရိကျေးရွာမှ မမေ့နိုင်သော နေ့ရက်များ
၁၀း၁၀-၄း၁၀ မိုးလေဝသခန့်မှန်းချက်
၁၀း၁၅-၄း၁၅ ကျန်းမာပျော်ရွှင်မီးအိမ်ရှင်ကဏ္ဍ (ဒေါက်တာ နိုက်တင်ဂေးလ်နှင့် ဆွေးနွေးခန်း)
၁၀း၄၀-၄း၄၀ တေးဂီတအစီအစဉ်
၁၀း၄၅-၄း၄၅ စားချင်စဖွယ်နည်းအသွယ်သွယ် (ငါးကိတ်နှင့် ကျောက်စိမ်း အုန်းနို့အချိုပွဲ)
၁၁း၀၀-၅း၀၀ ပြည်တွင်းသတင်းအကျဉ်း
၁၁း၁၀-၅း၁၀ ရဲရင့်သူတို့ရဲ့ ငြိမ်းအေးသောရင်ခွင်
၁၁း၂၅-၅း၂၅ တေးဂီတအစီအစဉ်
၁၁း၃၀-၅း၃၀ ယနေ့သိပ္ပံနှင့် နည်းပညာ
၁၁း၄၅-၅း၄၅ နိုင်ငံတကာသတင်းအကျဉ်း
၁၁း၅၀-၅း၅၀ လေလှိုင်းမှဖြေကြား ပရိသတ်များ အမေးစကား
၁၂း၀၅-၆း၀၅ Treasure From The Earth (အပိုင်း-၁)
၁၂း၃၀-၆း၃၀ အောင်မြင်ပျော်ရွှင် ဇနီးမောင်နှံ ဘဝတွင် (ရန်ကျော်-မေလသာ တို့နှင့် တွေ့ဆုံခြင်း)
၁း၀၀-၇း၀၀ MRTV-4 အပိတ် Logo

MRTV-4-**အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူ ကြည့်ရှုနိုင်ပါသည်။**

Beijing Olympic 2008 အားကစားပြိုင်ပွဲအစီအစဉ်များ

ညနေ	အကြောင်းအရာ	ပြသမည့်လိုင်း
၃း၃၀	Beijing Olympic 2008 အားကစားပြိုင်ပွဲ အစီအစဉ်များ	MRTV-4 (Live)

အလှူငွေပေးအပ်

အစ်မဒေါ်အုန်းမွေးနှင့် တူမ ဒေါ်ရှုရည်တို့အား ရည်စူး၍ ရန်ကုန်တိုင်း အလုံမြို့နယ် နံ့သာလမ်း အမှတ် ၄၀ နေ ဦးယုစိန်နှင့် ညီအစ်ကိုများက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းတိပိဋကဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီးနှင့် ဆွမ်း၊ပစ္စည်းလေးပါး၊ ရေ၊ မီး၊ ဆေးနှင့် စာအောင်ပဒေသာ အတွက် အလှူငွေကျပ် ၆၅၀၀၀၀ ကို အနုနာယကဆရာတော်ထံ ရေစက်ချ အနုမောဒနာ တရားနာယူပြီး တိ=နိ (ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး (ဘဏ္ဍာ) ဦးသိန်းကျော်ထံ ပေးအပ်လှူဒါန်းစဉ်။ (မြန်မာ့အလင်း)

လှူဒါန်း

ရန်ကုန်တိုင်း လှိုင်မြို့နယ် ကန်လမ်းနေ နှစ်ဖက်သော မိဘများအား အမှူးထားပြီး ဦးခင်မောင်ငွေ-ဒေါ်မာမာဦးကျော် မိသားစုက လေးထပ် ဘိုးဘွားဆောင်သစ်ကြီး အတွက် ငွေကျပ်တစ်သိန်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးအောင်သန်းထံ ပေးအပ်လှူဒါန်းစဉ်။

(ဘိုးဘွားရိပ်သာ)

မြန်မာနိုင်ငံပြန်တမ်း

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်း အကြီးအကဲများအား အစမ်းခန့်ကာလ (၁)နှစ်ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်။

အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအကဲ
	ရာထူး၊ ဌာန
(က) ဦးသန်းထွန်း	ညွှန်ကြားရေးမှူးချုပ် အာဆီယံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ခ) ဒေါက်တာဘမောင်	ညွှန်ကြားရေးမှူးချုပ် သမိုင်းသုတေသနဦးစီးဌာန ယဉ်ကျေးမှုဝန်ကြီးဌာန

ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက် ဥပုသ်နေ့အထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ၄၂ရပ်ကွက် ကိုးဘွဲ့ရ သာသနာပြုကျောင်းတိုက်ကြီး၌ ၁၃၇၀ပြည့်နှစ် ဝါခေါင်လပြည့်နေ့ (ဩဂုတ်၁၆ရက်) စနေနေ့ နံနက် ၉နာရီတွင် သာကေတမြို့နယ် ပါဠိကာရီဆရာတော် အရှင်အဂ္ဂိသ အရှင်သူမြတ်က သီလပေးတရားတော်များ ဟောကြား၍ မွန်းလွဲ ၁၂နာရီခွဲတွင် ကိုးဘွဲ့ရဆရာတော် အရှင်အာစာရာလင်္ကာရ အရှင်သူမြတ်ကတရားတော်များထပ်မံဟောကြားမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

ကုသိုလ်ကောင်းမှုပြုသူ အကြီးအမှူးဖြစ်

ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သောသူသည် အများသူငါတို့ထက် မြတ်သောအကြီးအမှူးအဖြစ်သို့ ရောက်၏။ ကုသိုလ်ကောင်းမှု၌ မမေ့မလျော့သော သတိတရားကို ပညာရှိတို့ ချီးမွမ်းကုန်၏။ ကုသိုလ်ကောင်းမှု၌ မေ့လျော့ခြင်းကို ပညာရှိတို့ အမြဲကဲ့ရဲ့ကုန်၏။

(ဓမ္မပဒ - ၃၀)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီး၊ ပြန်ကြားရေးရာဌာနကြီးနှင့် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက သဃ်္ဃန်းကျွန်းမြို့နယ် ၈ဝနရပ်ကွက် အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျင်းပသည်။

အဆိုပါ ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဌာနကြီးမှူးများ၊ အတွင်းရေးမှူး အဖွဲ့ဝင်များ၊ အဖွဲ့ခေါင်းဆောင်များနှင့် တာဝန်ရှိသူများ၊ ဒေသစည်းရုံးရေးမှူးများ၊ ကျောင်းအကျိုးတော်ဆောင်များ၊ ဆရာ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ ကျောင်းခန်းမ၌ ပဉ္စမတန်း၊ ဆဋ္ဌမတန်း၊ သတ္တမတန်း ကျောင်းသားကျောင်းသူများအား မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ အတွင်းရေးမှူးများ၊အဖွဲ့ဝင် ဒေါက်တာဒေါ်သက်သက်ဇင်က ပတ်ဝန်းကျင် သန့်ရှင်းရေးနှင့် သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးအသိပညာပေးခေါင်းစဉ်ဖြင့်လည်းကောင်း၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲမှ အဖွဲ့ခေါင်းဆောင် ဆရာမကြီး ဒေါက်တာဒေါ်ခင်သိန်းက ယဉ်ကျေးလိမ္မာနှင့် မျိုးချစ်စိတ်ဓာတ်ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးပြောကြားသည်။

ပညာပေးပြောကြား

ထို့နောက် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် ခေါင်းဆောင်သည့် အဖွဲ့ဝင်များက တတိယတန်း၊ စတုတ္ထတန်း စာသင်ခန်းများအတွင်း လှည့်လည်၍ ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံပြီး တစ်ကိုယ်ရေကျန်းမာရေးနှင့် ယဉ်ကျေးလိမ္မာ အသိပညာပေးစကား ပြောကြားကြသည်။

ယင်းနောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ ပြန်ကြားရေးရာဌာနကြီးမှ လှူဒါန်းသည့် စာအုပ် ဒါဇင် ၅ဝနှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသည့် အမှိုက်ပုံးငါးပုံးနှင့် အမှိုက်အိတ် ၁၅ဝတို့ကို စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်က ကျောင်းအုပ်ဆရာမကြီးဒေါ်အေးအေးရွှေထံ ပေးအပ်လှူဒါန်းသည်။

စာအုပ်များလှူဒါန်း

ဆက်လက်၍ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲမှ ကျောင်းစာကြည့်တိုက်အတွက် စာအုပ်များ လှူဒါန်းရာ ပညာပေးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါ်ခင်ထားမေက ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေထံ ပေးအပ်လှူဒါန်းသည်။

အခမဲ့စမ်းသပ်ကုသပေး

ထို့နောက် မျက်စိအထူးကုဆရာဝန် ဒေါက်တာဒေါ်နီလာသိန်းနှင့် ကလေးအထူးကုဆရာဝန်ဒေါက်တာဒေါ်ခင်မာအေးတို့က ကျောင်းရှိ ကျောင်းသားကျောင်းသူများအား အခမဲ့ စမ်းသပ်ကုသပေးခဲ့ပြီး မြို့တော်စည်ပင်သာယာရေးကော်မတီ ဝန်ထမ်းများက ရေနုတ်မြောင်းများ ရှင်းလင်းခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် ဆေးဖျန်းခြင်းတို့ကို ပြုလုပ်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ် သဃ်္ဃန်းကျွန်းမြို့နယ် အမှတ်(၈) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်အေးအေးရွှေထံ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းသည့် အမှိုက်ပုံးငါးပုံးနှင့် အမှိုက်အိတ် ၁၅ဝတို့ကို ပေးအပ်လှူဒါန်းစဉ်။
(သတင်းစဉ်)

ကွမ်းခြံကုန်းမြို့နယ်အသင်း ဝါဆိုသင်္ကန်းဆက်ကပ်

ရန်ကုန် ဩဂုတ် ၁၄

ကွမ်းခြံကုန်းမြို့နယ်အသင်း(ရန်ကုန်)၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲနှင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံ ရဟန်းပညာရှိများအား ဂုဏ်ပူဇော်သဘင်ကို ဩဂုတ် ၃ရက် နံနက် ၉နာရီက ဗဟန်းမြို့နယ် ၃လမ်းထိပ်ရှိ စွမ်းအင်ဝန်ကြီးဌာနခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

ဆက်ကပ်ပူဇော်

ရှေးဦးစွာ အခမ်းအနားမှူး ဦးကြိုင်မြင့် (ဝါမိုးအောင်စာပေ)က နမောတဿသုံးကြိမ်ရွတ်ဆိုဖွင့်လှစ်ပြီး သံဃာတော်များက ပရိတ်တရားတော်များ ချီးမြှင့်သည်။ ထို့နောက် အသင်းဥက္ကဋ္ဌ ဦးကျော်ခိုင်(မြန်မာ့အလှဆောက်လုပ်ရေး)က လှူဒါန်းရခြင်းအကြောင်း လျှောက်ထားသည်။ ထို့နောက် နိုင်ငံတော်အဆင့် ဘွဲ့တံဆိပ်တော်ဆက်ကပ်ခြင်းခံရသည့် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘွဲ့ရ ဆရာတော် ဘဒ္ဒန္တစန္ဒဓဇောတိ (မစိုးရိမ်ကျောင်းတိုက် ပဓာနနာယကဆရာတော်)နှင့် ပိဋကတ်တစ်ပုံဆောင် ဝိနယဓရဘွဲ့တံဆိပ်တော်ရ အရှင်ဓမ္မနန္ဒာ (မယ်ဇလီကုန်းကျေးရွာ ဓမ္မဝိဟာရကျောင်းတိုက်)တို့အား လှူဖွယ်ပစ္စည်းတို့ဖြင့် ဆက်ကပ်ပူဇော်ကြသည်။

ဟောကြားချီးမြှင့်

ထို့နောက် အသင်းသူ အသင်းသားများက ကွမ်းခြံကုန်းမှ ပင့်သံဃာတော်တို့အား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်ကြသည်။ ထို့နောက် မယ်ဇလီကုန်း ပဓာနနာယကဆရာတော်က ရေစက်ချအနုမောဒနာတရား ဟောကြားချီးမြှင့်ပြီး အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(မြန်မာ့အလင်း)**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းစည်းဝေး

ရန်ကုန် ဩဂုတ် ၁၄

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ဘဏ္ဍာရေးနှစ် နှစ်ပတ်လည် အစည်းအဝေးကို ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်(ရုံးချုပ်)၌ ကျင်းပရာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်းက အမှာစကားပြောကြားသည်။

ထို့နောက် ၂၀၀၇-၂၀၀၈ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာ ဘဏ္ဍာရေးရှင်းတမ်းနှင့် အမြတ်ခွဲဝေစာရင်းတို့ကို ဖတ်ကြားအတည်ပြုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဦးတင်လွမ်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် ငွေစုငွေချေးသမဝါယမအသင်းလီမိတက်၏ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ် နှစ်ပတ်လည်အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။
(သတင်းစဉ်)

မဟာသိမ်တော်ကြီး၌ တရားတော်များဟောကြားမည်

ရန်ကုန် ဩဂုတ် ၁၄

ဝါခေါင်လပြည့်(ဩဂုတ်၁၆ရက်) ည၇နာရီတွင် ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်ဓမ္မာရုံ၌ ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ကျိုက်ပိကျောင်း မဟာဓမ္မိကာရုံ စာသင်တိုက်ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဂုဏသန မထေရ်မြတ်က နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အိန္ဒိယနှင့် အာဆီယံနိုင်ငံတို့အကြား လွတ်လပ်စွာ ကုန်သွယ်မှုသဘောတူ

နယူးဒေလီ ဩဂုတ် ၁၄

အိန္ဒိယနှင့် တောင်အာရှနိုင်ငံများ၏ ကုန်သွယ်မှုကဏ္ဍ အဟန့်အတား ဖြစ်ပေါ်လျက်ရှိရာမှ အိန္ဒိယနှင့်အာဆီယံနိုင်ငံများအကြား လွတ်လပ်စွာ ကုန်သွယ်မှု ပြုနိုင်ရန် သဘောတူညီခဲ့ကြောင်း ဩဂုတ် ၁၀ ရက်က စီးပွားရေးတိုင်းမ် ဝက်ဘ်ဆိုက်၌ သတင်းထုတ်ပြန်သည်။

ကျင်းပ

အဆိုပါ အိန္ဒိယ-အာဆီယံကုန်သွယ်မှု ဆွေးနွေးပွဲကို ယခုရက်သတ္တပတ်က ဘရူနိုင်းနိုင်ငံ၌ တွေ့ဆုံစည်းဝေးလျက်ရှိရာ အာဆီယံနိုင်ငံများမှ ကုန်သွယ်ရေး ဝန်ကြီးများ တက်ရောက်ကြပြီး လာမည့်ကုန်သွယ်မှုဆိုင်ရာ အစည်းအဝေးကို ဒီဇင်ဘာလတွင် ဗန်ကောက်၌ ကျင်းပမည်ဖြစ်သည်။

တက်ရောက်

(၄)ကြိမ်မြောက် အိန္ဒိယ-အာဆီယံ ကုန်သွယ်မှုဆိုင်ရာ အစည်းအဝေးသို့ ဂျပန်၊ တရုတ်နှင့် တောင်ကိုရီးယားနိုင်ငံမှ ကိုယ်စားလှယ်များလည်းတက်ရောက်သည်။ ယခင်နှစ်အတွင်း အိန္ဒိယနိုင်ငံနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား အမေရိကန်ဒေါ်လာ ဘီလီယံ ၂၀ ခန့် ကုန်သွယ်မှုပြုနိုင်ခဲ့ပြီး ၂၀၁၅ ခုနှစ်အရောက်တွင် အမေရိကန်ဒေါ်လာဘီလီယံ ၃၀ သို့ ရောက်ရှိနိုင်ရန် မျှော်မှန်းထားရှိသည်။

အမ်အင်န်အေဆင်ဟွာ

တရုတ်နိုင်ငံ ဟူဘေးပြည်နယ် ချန်ကျင်းမြစ်အတွင်း ဆည်တမံတည်ဆောက်ထားမှုကို ဩဂုတ် ၁၃ ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အာဖဂန်၌ သေဆုံးသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေ စုစုပေါင်း ၁၁၅ ဦးရှိသွားပြီ

လန်ဒန် ဩဂုတ် ၁၄

အာဖဂန်နစ္စတန်နိုင်ငံ၌ အသေခံကားဗုံးခွဲတိုက်ခိုက်မှုကြောင့် ဗြိတိသျှတပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး နှစ်ဦးဒဏ်ရာရသွားကြောင်း ဗြိတိန်ကာကွယ်ရေးဝန်ကြီးဌာနက ဩဂုတ် ၁၂ရက်တွင် ကြေညာသည်။

ဒဏ်ရာရ

ကဘူးလ်မြို့တော်အတွင်း ဗြိတိသျှတပ်ဖွဲ့ဝင်များ ကင်းလှည့်စဉ် ဩဂုတ် ၁၁ ရက်က အသေခံကားဗုံးခွဲတိုက်ခိုက်ခံလိုက်ရသဖြင့် သေဆုံးဒဏ်ရာရခြင်းဖြစ်သည်။

သေဆုံး

၂၀၀၁ခုနှစ်ကုန်ပိုင်းက အမေရိကန်ဦးဆောင်သည့်တပ်များ အာဖဂန်နစ္စတန်နိုင်ငံသို့ဝင်ရောက်တိုက်ခိုက်ရာတွင်ဗြိတိသျှတပ်ဖွဲ့ဝင်များ ပါဝင်လာခဲ့ပြီး ယနေ့အထိ အာဖဂန်နစ္စတန်၌ သေဆုံးရသည့် ဗြိတိသျှတပ်ဖွဲ့ဝင်ဦးရေမှာ ၁၁၅ ဦး ရှိသွားပြီဖြစ်သည်။

ထမ်းဆောင်

အာဖဂန်နစ္စတန်ရောက် ဗြိတိသျှတပ်ဖွဲ့ဝင်များ ကဘူးလ်မြို့တော်၌ အနည်းငယ်သာရှိပြီး ဗြိတိသျှတပ်ဖွဲ့ဝင် အများစုမှာ အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟဲလ်မန်ပြည်နယ်တွင် တာဝန်ထမ်းဆောင်ကြရသည်။

အမ်အင်န်အေရိုက်တာ

ပါကစ္စတန်စစ်သွေးကြွခေါင်းဆောင်နမ်ဒါ သေနတ်သမားတို့၏ လုပ်ကြံမှုခံရ

အစ္စလမ္မာဘတ် ဩဂုတ် ၁၄

ပါကစ္စတန်နိုင်ငံ အနောက်မြောက်ပိုင်း ခိုင်ဘာဒေသမှ စစ်သွေးကြွခေါင်းဆောင်တစ်ဦးကို အမည်မသိ သေနတ်သမားများက ပစ်သတ်လိုက်ကြသည်။

လုပ်ကြံသတ်ဖြတ်ခံရ

ဒုစရိုက်နှင့် သုစရိုက်လှုပ်ရှားမှု အဖွဲ့ခေါင်းဆောင်ဟာဂျီနမ်ဒါမှာ အဖွဲ့ ဌာနချုပ်အတွင်းသို့ ဝင်လာစဉ် သေနတ်သမားများ၏ လုပ်ကြံသတ်ဖြတ်မှု ခံလိုက်ရကြောင်း သူ၏ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ဖောက်ခွဲဖျက်ဆီး

မသင်္ကာသူနှစ်ဦးကို ဖမ်းမိထားသော်လည်း အသေးစိတ်ထုတ်ဖော်ပြောကြားရန် စောလွန်းသေးသည်ဟု ဆိုသည်။ သူ့ပါတီကို မတရားအသင်းကြေညာပြီးနောက် စစ်ဆင်ရေးအတွင်းက သူ့နေအိမ်ကို လုံခြုံရေးတပ်များက ဖောက်ခွဲဖျက်ဆီးပစ်ခဲ့သည်။

(အင်တာနက်)



အနာဂတ်စွမ်းအင်ထုတ်ယူရေး လဂြိုဟ်မှ မြေကြီးများနှင့်ကျောက်တုံးများကိုစမ်းသပ်နေ

အာကာသသိပ္ပံ

အနာဂတ်ကာလ လောင်စာစွမ်းအင် ထုတ်လုပ်နိုင်မှုနှင့်ပတ်သက်ပြီး လဂြိုဟ်မျက်နှာပြင်ပေါ်ရှိ မြေလွှာနှင့် ကျောက်တုံး ကျောက်ခဲများမှ စွမ်းအင်ထုတ်ယူနိုင်ရေး ကြိုးစားသွားရန် စမ်းသပ်နေပြီဖြစ်ကြောင်း အမေရိကန်သုတေသနပညာရှင်များက ပြောကြားသည်။

တွေ့ရှိရ

လဂြိုဟ်၏မျက်နှာပြင်မှ ကျောက်တုံး ကျောက်ခဲများသည် စွမ်းအင်သိုမှီးရာ ဒြပ်ထုများသဖွယ်ဖြစ်နေသဖြင့် သဘာဝစွမ်းအင် စုစည်းထားနိုင်မှု တွေ့ရှိရကြောင်း သိရသည်။

စမ်းသပ်စစ်ဆေး

အနာဂတ်စွမ်းအင်ထုတ်ယူရာ ဓာတ်ပေါင်းဖိုများအတွက် သတ္တုလောင်စာများအဖြစ် အသုံးပြုနိုင်မည်ဖြစ်ကြောင်း၊ လဂြိုဟ်သို့သွားရောက်လေ့လာခဲ့သော အာကာသယာဉ်မှူးက ယူဆောင်ခဲ့သည့် လဂြိုဟ်မှကျောက်တုံး၊ ကျောက်ခဲများကို စမ်းသပ်စစ်ဆေးကြည့်ရာမှ တွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

ဆွေးနွေး

လိုအပ်သော လောင်စာများရရှိရေးအတွက် ရုရှားတို့ကလည်း လဂြိုဟ်မှမြေကြီးများကို လေ့လာရန်ပညာရှင်များနှင့် ဆွေးနွေးလျက်ရှိသည်။

(အင်တာနက်)

မြန်မာ့အလင်း ၁၄-၈-၂၀၀၈

အာရှနိုင်ငံများ၏ စိုက်ပျိုးရေးသတင်းပဒေသာ

ဟနွိုင်း၌ ဟင်းသီးဟင်းရွက် တိုးချဲ့စိုက်ပျိုး

ဟနွိုင်း ဩဂုတ် ၁၄

ဗီယက်နမ်နိုင်ငံ ဟနွိုင်းမြို့တော်၏ နေ့စဉ်စားသုံးလျက်ရှိသည့် ဟင်းသီးဟင်းရွက်များကို ဖြည့်ဆည်းပေးနိုင်ရန်အတွက် ၂၀၀၈ မှ ၂၀၁၅ ခုနှစ်အတွင်း ဟင်းသီးဟင်းရွက် စိုက်ပျိုးမြေဟက်တာ ၈၀၀၀ မှ ဟက်တာ ၃၁၀၀၀ အထိ တိုးချဲ့စိုက်ပျိုးရန် စီမံကိန်းချမှတ်ဆောင်ရွက်မည်ဖြစ်ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

အင်ဒိုနီးရှား စားအုန်းဆီတင်ပို့မှု ပုံမှန်အနေအထားရှိနေ

ဂျကာတာ ဩဂုတ် ၁၄

အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီထုတ်လုပ်မှုမှာ ပုံမှန်အနေအထားအတိုင်းရှိနေကြောင်း၊ ပြီးခဲ့သည့် ခုနစ်လပိုင်းက ပြည်ပသို့တင်ပို့ခဲ့သည့် စားအုန်းဆီများမှာ အတိုးအလျော့မရှိဘဲ ပုံမှန်အနေအထားအတိုင်း ရှိနေကြောင်း၊ အင်ဒိုနီးရှားမှ ထွက်ရှိသည့်ဆန်များကို အိန္ဒိယ၊ ပါကစ္စတန်၊ လက်တင်အမေရိကနိုင်ငံများသို့ တင်ပို့ ရောင်းချပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ဂျပန် ပြည်ပမှဂျုံတင်သွင်းမှု စတုတ္ထအဆင့်ရှိ

တိုကျို ဩဂုတ် ၁၄

ဂျပန်နိုင်ငံအနေဖြင့် ယခု ၂၀၀၈ခုနှစ်ဘဏ္ဍာရေးနှစ်အတွင်း ပြည်ပမှ ဂျုံတန်ချိန် ၄ဒသမ ၉၉သန်း တင်သွင်းရန် စီမံထားရှိပြီးဖြစ်ရာ ကမ္ဘာပေါ်တွင် ပြည်ပမှဂျုံတင်သွင်းမှု၌ စတုတ္ထနေရာသို့ ရောက်ရှိလာပြီဖြစ်ကြောင်း သိရသည်။

ပါကစ္စတန်၏ အဓိကစီးပွားရေး စိုက်ပျိုးရေးကဏ္ဍပါဝင်

အစ္စလမ္မာဘတ် ဩဂုတ် ၁၄

ပါကစ္စတန်နိုင်ငံ၏ စိုက်ပျိုးရေး ထွက်ကုန်များ၌ သရက်သီး(**ယာပုံ**)နှင့်ပန်းသီး အရောင်း ဈေးကွက်သည် ပင်လယ်ကွေ့ဒေသများ၊ စင်ကာပူ၊ မလေးရှား၊ ဗြိတိန်နှင့် ဂျာမနီ နိုင်ငံများသို့ အဓိကတင်ပို့လျက်ရှိရာ ၎င်းနိုင်ငံ၏လယ်ယာစိုက်ပျိုးရေးသည်အဓိက စီးပွားရေးကဏ္ဍတစ်ရပ်ဖြစ်သည်။

မလေးရှား-စင်ကာပူ စိုက်ပျိုးရေးထုတ်ကုန်များ အပြန်အလှန်ရောင်းချမည်

ကွာလာလမ်ပူ ဩဂုတ် ၁၄

မလေးရှားနိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သည့် အသီးအရွက်များ ပြည်ပဈေးကွက်အဖြစ် စင်ကာပူနိုင်ငံသို့ အပြန်အလှန် ဖြန့်ဖြူးရောင်းချရေး နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည်ဖြစ်ကြောင်း ၎င်း နိုင်ငံအနေဖြင့် ကမ္ဘာ့ဈေးကွက်အတွင်း ထိုးဖောက်ဝင်ရောက်နိုင်ရေးအတွက် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး ဖိတ်ခေါ်လျက်ရှိသည်။

တောင်ကိုရီးယား လယ်ယာကုန်သွယ်မှုတိုးမြင့်လာ

ဆိုးလ် ဩဂုတ် ၁၄

တောင်ကိုရီးယားနိုင်ငံ၏ လယ်ယာစိုက်ပျိုးရေး ကဏ္ဍအနေဖြင့် နိုင်ငံတကာသို့ ကုန်သွယ်မှုကဏ္ဍသည် ယခုနှစ်အတွင်း အမေရိကန်ဒေါ်လာ ၁၅ ဘီလီယံသို့ ရောက်ရှိရန် မျှော်မှန်းထားရှိရာ နှစ်ချင်းအလိုက် ၂၀ ရာခိုင်နှုန်း မြင့်တက်မည်ဖြစ်သည်။ ယခုနှစ် ပထမနှစ်ဝက်အတွက် အမေရိကန်ဒေါ်လာ ၇ ဒသမ ၇ဘီလီယံ ရရှိနေပြီဖြစ်ကြောင်း အဓိကကုန်တင်ပို့သည့် နိုင်ငံများမှာ တရုတ်၊ ဩစတြေးလျနှင့် အိန္ဒိယနိုင်ငံတို့ဖြစ်သည်။

အိန္ဒိယမှ ပါကစ္စတန်သို့ အာလူးတင်ပို့မှုမြင့်တက်

အစ္စလမ္မာဘတ် ဩဂုတ် ၁၄

ပါကစ္စတန်နိုင်ငံသို့ အိန္ဒိယမှ လယ်ယာထွက်ကုန်ကဏ္ဍ၌ အာလူး(အပေါ်ပုံ)**တင်ပို့မှုသည် ယခုနှစ်အတွင်း မြင့်တက်လျက်ရှိကြောင်း၊ အိန္ဒိယနိုင်ငံအတွင်း လယ်ယာကဏ္ဍစုံ ထွက်ရှိမှုသည် ၉ရာခိုင်နှုန်းသို့ ရောက်ရှိလျက်ရှိရာ အာလူးတင်ပို့မှုသည် ၂ ရာခိုင်နှုန်းကျော် ပိုမိုမြင့်တက်ခဲ့ကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။**

(ကိုးကား-အင်တာနက်နှင့်ဆင်ဟွာသတင်းများ)

အင်္ဂလန်နှင့် ကွန်ဂိုနိုင်ငံတို့ နယ်ခြားလုံခြုံရေးဆိုင်ရာ စည်းဝေးပွဲကျင်းပ

လူကန်ဒါ ဩဂုတ် ၁၄

အင်ဂိုလာနှင့် ကွန်ဂိုနှစ်နိုင်ငံ နယ်ခြားဒေသ၌ တရားမဝင်ဖြတ်ကျော်ဝင်ရောက်မှုနှင့် မူးယစ်ဆေးဝါးမှောင်ခို သယ်ယူခြင်းတို့အတွက် နယ်ခြားဒေသ လုံခြုံရေးဆိုင်ရာ အစည်းအဝေးကို အင်ဂိုလာနိုင်ငံ မြောက်ပိုင်း ကာဘင်ဒါပြည်နယ်၌ ဩဂုတ် ၁၂ရက်က ကျင်းပခဲ့သည်။

ညှိနှိုင်းဆွေးနွေး

အဆိုပါ အစည်းအဝေး၌ နယ်ခြားတစ်လျှောက် လုံခြုံရေးဆိုင်ရာ ကိစ္စရပ်များကို တိုးမြှင့်ဆောင်ရွက်မည်ဖြစ်ပြီး အဓိက စစ်ဆေးရေးဂိတ်ငါးခု၌ နှစ်နိုင်ငံအကြား လုံခြုံရေးဆိုင်ရာ သတင်းဆက်သွယ်မှုစက်များ တပ်ဆင်ထားရှိမည်ဖြစ်ကြောင်း ညှိနှိုင်းဆွေးနွေးကြသည်။

ဥပဒေနှင့်အညီ

၎င်းနှစ်နိုင်ငံမှ နယ်ခြားရဲတပ်ဖွဲ့ဝင်များအနေဖြင့် နယ်ခြားဝင်ရောက်မှုနှင့် သယ်ယူပို့ဆောင်ရေးကိစ္စရပ်များ၌ သတ်မှတ်ထားသည့် ဥပဒေနှင့်အညီဆောင်ရွက်ရေး အပြန်အလှန်သတင်းပေးပို့မှုတို့ကို သဘောတူညီခဲ့သည်။ **(အင်တာနက်)**

ဂျပန်နိုင်ငံ တိုကျိုမြို့ရှိ တိုယိုတာကုမ္ပဏီ၏ မော်တော်ကားထုတ်လုပ်သည့် စက်ရုံ၏လုပ်ငန်းခွင်ကို ဩဂုတ် ၁၃ရက်က တွေ့ရစဉ်။

(ယင်းကုမ္ပဏီသည် အာရှနိုင်ငံများအတွင်း အကြီးမားဆုံး စီးပွားရေးလုပ်ငန်းဖြစ်ပြီး ယခုနှစ် ဒုတိယ လေးလပတ်တွင် ပြည်ပတင်ပို့မှု ကျဆင်းလျက်ရှိသည်။) **(အင်တာနက်ဓာတ်ပုံ)**

အင်တာနက်ကျန်းမာရေး

ရာသီဥတုပြောင်းလဲမှုကြောင့် လည်ချောင်းရောဂါများဖြစ်ပွားနိုင်

ရာသီဥတု ရုတ်တရက်ပြောင်းလဲခြင်းကြောင့် လူတို့တွင် ဆိုးရွားသောရောဂါများ ဖြစ်ပွားနိုင်ကြောင်း၊ သဘာဝရာသီဥတုနှင့် လူသားတို့၏ ကျန်းမာရေးထိခိုက်စေမှုမှာ တိုက်ရိုက် ဆက်စပ်လျက်ရှိကြောင်း ဗြိတိသျှ သုတေသနပညာရှင်များက ပြောကြားသည်။

သတိထားနေထိုင်

ရာသီဥတုအလွန်အေးမြသော အရပ်ဒေသများတွင် နေထိုင်သူများအနေဖြင့် အထူးသတိထား နေထိုင်ရမည်ဖြစ်ကြောင်း၊ အဓိကမှာ လည်ချောင်းကျန်းမာရေး ကောင်းမွန်စေရန် ဖြစ်ကြောင်း သိရသည်။

ယိုယွင်းပျက်စီး

အအေးလွန်ကဲပြီး ဆီးနှင်းများ မပြတ်တမ်း ကျရောက်နေသော အရပ်ဒေသများတွင် လူတို့အနေဖြင့် လည်ချောင်းနှင့် ပတ်သက်သောရောဂါများ ရရှိနိုင်ကြောင်း အေးလွန်းသည့်အရပ်ဒေသများတွင် လူ့ခန္ဓာကိုယ်အတွင်း သွေးစီးဆင်းမှု နှေးကွေးနေပြီး ကိုယ်တွင်းဇီဝဖြစ်စဉ်များ ယိုယွင်းပျက်စီးသွားတတ်သည်။

ထို့ကြောင့် ထူးကဲသော ရာသီဥတုမျိုး ကျရောက်ခဲ့ပါက ကျန်းမာရေးကို ဆိုးရွားစွာ ထိခိုက်ကြောင်း သိရသည်။

နိုင်ငံတကာသတင်း စုစည်းဘာသာပြန်သူများ

တိုး၊ မောင်မောင်မြင့်ဆွေ၊ မြင့်မောင်စိုး၊ ချစ်စိုးနိုင်၊ တင်မာဝင်းနှင့် အေးသန္တာသိန်း

ချီလီနိုင်ငံမြောက်ပိုင်း ကမ်းလွန်၌ လေယာဉ်ငယ်တစ်စင်း ပျက်ကျ

စန်တီယာဂို ဩဂုတ် ၁၄

ချီလီနိုင်ငံ မြောက်ပိုင်း ပင်လယ်အတွင်း ဩဂုတ် ၁၂ရက်က အီကွီကူဒေသရှိ တိုကိုပီလ်လာ လေတပ်အခြေစိုက်စခန်းမှ လေယာဉ်ငယ်တစ်စင်း စက်ချွတ်ယွင်းမှုကြောင့် ပင်လယ်တွင်း ပျက်ကျမှုဖြစ်ပွားခဲ့ကြောင်း လေတပ်စခန်းမှ သတင်းထုတ်ပြန်သည်။

ယင်းဖြစ်ပွားမှုကြောင့် ကယ်ဆယ်ရေး ရဟတ်ယာဉ်သည် လိုက်လံရှာဖွေရာ သုံးနာရီအတွင်း လေယာဉ်မှူးအား ကယ်တင်နိုင်ခဲ့သဖြင့် ဒဏ်ရာအနည်းငယ်သာ ရရှိကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

ရှာဖွေခဲ့

၎င်းလေယာဉ်သည် လေတပ်အခြေစိုက်စခန်းနှင့် ဆက်သွယ်မှု ပြတ်တောက်ခဲ့ရာမှ ကယ်ဆယ်ရေး ရဟတ်ယာဉ်က ရှာဖွေတွေ့ရှိခဲ့ခြင်း ဖြစ်သည်။ **(အင်တာနက်)**

ကနေဒါနိုင်ငံ အော့တာဝါမြို့ တောင်ပိုင်း၌ တောမီးလောင်ကျွမ်းမှုဖြစ်ပွားရာ ရဟတ်ယာဉ်ဖြင့် ငြိမ်းသတ်လျက်ရှိသည်ကို ဩဂုတ် ၁၄ရက်က တွေ့ရစဉ်။

(အင်တာနက်ဓာတ်ပုံ)

အိပ်မက်အလားဆန်းကြယ်လှစွာသော....

နိုင်ငံတကာ မှုခင်း

လော့စ်အိန်ဂျလိစ်မြို့သည် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ် အနောက်တောင်ပိုင်း ပင်လယ်ကမ်းရိုးတန်းရှိ ဆိပ်ကမ်းမြို့ကြီးတစ်မြို့ဖြစ်သည်။ လူဦးရေငါးသန်းခွဲကျော်နေထိုင်သော စည်းကားလှသည့် မြို့ဖြစ်သည်။ ထိုမြို့တွင် မကြာမီက ကလော့ခ်ရော်ကီဖဲလားဆိုသူရောက်ရှိလာသည်။ ရော်ကီဖဲလားသည် ရာဇဝတ်ဘေးကို ကြောက်ရွံ့သဖြင့် ထွက်ပြေးလာခြင်းဖြစ်ပြီး ထိုမြို့တွင် ခေတ္တမျှနေကာ ဘော်လ်ဟီမိုးမြို့သို့ ဆက်လက်ထွက်ခွာခဲ့သည်။ ထိုသို့ ထွက်ခွာခဲ့ရခြင်းမှာ ဘော်လ်ဟီးမိုးမြို့တွင် သူဝယ်ယူထားသော အိမ်နှင့်လှေတစ်စင်းရှိသောကြောင့်ဖြစ်သည်။

လက်ထပ်ခဲ့

ရော်ကီဖဲလားသည် ရာဇဝတ်မှုဖြင့် သံသယရှိကာ ထွက်ပြေးခဲ့ခြင်းဖြစ်သည်။

ထိုသို့ထွက်ပြေးခဲ့ရင်းမှ ရော်ကီဖဲလားသည် အတိတ်မှာတုန်းက သူ၏ သာယာအေးချမ်းသောဘဝလေးကို ပြန်လည်တမ်းတသတိရမိတော့သည်။ ထိုစဉ်က သူ့အသက် ၃၆နှစ်အရွယ်ရှိနေပြီဖြစ်သည့် ၁၉၉၆ခုနှစ်က အသက် ၂၆နှစ်အရွယ်ရှိပြီး သူထက် ၁၀နှစ်ငယ်သူ စန္ဒတ်ခ်ဘော့စ်ဆိုသည့် အမျိုးသမီးတစ်ဦးနှင့်ချစ်ကြိုက်ကာ လက်ထပ်ခဲ့ကြသည်။ ထိုအချိန်က ရော်ကီဖဲလားသည် ဘော်စတွန်မြို့တွင် နေထိုင်ပြီးဘော်စတွန်ရှိ အယ်လ်ဂွန်ကွင်သီးသန့်ကလပ်တစ်ခု၏ ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး လွန်ခဲ့သောသုံးလခန့်ကမှ နုတ်ထွက်ခဲ့သူဖြစ်သည်။

ကွဲကွာ

ရော်ကီဖဲလားနှင့် စန္ဒတ်ခ်ဘော့စ်တို့သည် အိမ်ထောင်သက် ငါးနှစ်ရောက်သည်အထိ သားသမီးမထွန်းကားခဲ့ပေ။ ထို့နောက်တွင် ၂၀၀၁ ခုနှစ်တွင် သမီးတစ်ဦးကို မွေးဖွားခဲ့သည်။ သူတို့ဇနီးမောင်နှံနှစ်ဦးသည် အိမ်ထောင်သက် ၁၂နှစ်အထိ အေးချမ်းစွာနေထိုင်ခဲ့ကြသော်လည်း ယင်းနှစ် ၂၀၀၈ခုနှစ်အတွင်းတွင် အိမ်ထောင်ရေး အက်ကြောင်းထင်ကာ ကွဲကွာနေခဲ့ကြသည်။

ပျောက်ဆုံး

၂၀၀၈ခုနှစ် ဇူလိုင် ၂၇ရက်တွင် ကလော့ခ်ရော်ကီဖဲလားနှင့် စန္ဒတ်ခ်ဘော့စ် ရော်ကီဖဲလားတို့၏ သမီးဖြစ်သူ အသက်ခုနစ်နှစ်ရှိ ရိတ်ချ်ရော်ကီဖဲလားသည် ဘော်စတွန်မြို့ လမ်းတစ်လမ်းတွင် လည်ပတ်နေစဉ် ပျောက်ဆုံးသွားခဲ့သည်။

ပြန်ပေးဆွဲ

ရိတ်ခ်ပျောက်ဆုံးမှုနှင့် ပတ်သက်ပြီး ဖခင်ရော်ကီဖဲလားက လူနှစ်ယောက်အား သူ၏သမီးကို နယူးယောက်သို့ ကားမောင်းပို့ပေးရန် ငှားရမ်းပြီး ပြန်ပေးဆွဲခဲ့ခြင်းဖြစ်ကြောင်း ယူဆခဲ့ကြသည်။ ထို့အပြင် ကယ်လီဖိုးနီးယားပြည်နယ်ရှိ ဆန်မာရီနိုမြို့မှ ဂျိုနသန်နှင့် လင်ဒါဟပ်စ်တို့ဇနီးမောင်နှံ ၁၉၈၅ခုနှစ်တွင် ပျောက်ဆုံးခဲ့မှုနှင့်ပတ်သက်ပြီး ပြစ်မှု ကျူးလွန်သူဟု ယူဆရသူ ခရစ္စတိုဖာ့ချီချက်စတာသည် ရော်ကီဖဲလားဖြစ်သည်ဟု သံသယရှိခဲ့ပြန်ရာ ရော်ကီဖဲလားသည် ကံဆိုးမိုးမှောင်ကျမှုကို ညှပ်ပူးညှပ်ပိတ်ခံခဲ့ရသည်။

ကလော့ခ်ရော်ကီဖဲလား

သမီးရိတ်ချ်ရော်ကီဖဲလား

သူ၏ဇနီး စန္ဒတ်ခ်ဘော့စ်မှာမူ ဘော်လ်တီမိုးမြို့တွင် အေးဆေးစွာရှိနေပြီး သူ၏ မိခင် ဆန်ဒရာဘော့စ်နှင့် လန်ဒန်မြို့တွင် အတူပြန်လည် နေထိုင်လျက်ရှိကြသည်။

ရင်နင့်ဖွယ်ရာ

ရော်ကီဖဲလားအား ဩဂုတ် ၂ရက်က ဘော်လ်တီမိုးတွင် ရဲအဖွဲ့က ဖမ်းဆီးခဲ့ပြီး ၎င်း၏တိုက်ခန်းမှ တစ်အောင်စရှိရွှေဒင်္ဂါးအပြား ၃၀၀နှင့် ဒေါ်လာ ၁၂၀၀၀ကို သိမ်းဆည်းခဲ့သည်။ ၎င်း၏အမှုကို ဩဂုတ် ၅ရက်က ရုံးထုတ်ခဲ့ပြီး စက်တင်ဘာ ၃ရက်တွင် ပဏာမစစ်ဆေးကြားနာမည်ဖြစ်သည်။ ကလော့ခ်ရော်ကီဖဲလားအနေဖြင့် သမီးဖြစ်သူအား ပြန်ပေးဆွဲခဲ့ခြင်းမရှိသော်လည်း အိပ်မက်အလားကြယ်လှစွာသော ကံကြမ္မာ၏ရိုက်ပုတ်မှုကြောင့် တရားဥပဒေနှင့် ရင်ဆိုင်နေရသော ရင်နင့်ဖွယ်ရာအဖြစ်ကို ရေးသားဖော်ပြလိုက်ရပါကြောင်း။ ။ (ကိုးကား-အင်တာနက်)

ချစ်စိုးနိုင် ကိုးကားရေးဖွဲ့သည်

ရော်ကီဖဲလားနှင့်စန္ဒတ်ခ်ဘော့စ်တို့သည် အိမ်ထောင်သက် ငါးနှစ်ရောက်သည်အထိ သားသမီးမထွန်းကားခဲ့ပေ။ ထို့နောက်တွင် ၂၀၀၁ခုနှစ်တွင် သမီးတစ်ဦးကိုမွေးဖွားခဲ့၊ သူတို့ဇနီးမောင်နှံနှစ်ဦးသည် အိမ်ထောင်သက်၁၂နှစ်အထိ အေးချမ်းစွာ နေထိုင်ခဲ့ကြသော်လည်း ယင်းနှစ် ၂၀၀၈ ခုနှစ်အတွင်းတွင် အိမ်ထောင်ရေး အက်ကြောင်းထင်ကာ ကွဲကွာနေခဲ့ကြ။

ဘင်္ဂလားဒေ့ရှ်၌ ယာဉ်မတော်တဆမှုဖြစ်ပွား

ဒါကာ ဩဂုတ် ၁၄

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဒါကာမြို့ အနောက်တောင်ဘက် ဖာရီပါဒေသတွင် ဩဂုတ် ၁၃ရက် နံနက်ပိုင်းက ယာဉ်မတော်တဆမှု ဖြစ်ပွားခဲ့ရာ လေးဦးသေဆုံးပြီး ၃၂ဦး ဒဏ်ရာရရှိ သွားခဲ့ကြောင်း ယူအင်န်ဘီ သတင်းဌာနက သတင်းထုတ်ပြန်သည်။

ခရီးသည်အပြည့်တင်ဆောင်လာသည့် ဘတ်စ်ကားမှာ လမ်းချော်ကာ ရေများပြည့်လျှံနေသည့် ရေနုတ်မြောင်းအတွင်းသို့ ထိုးကျသွားခဲ့ခြင်းဖြစ်ကြောင်း၊ အခင်း ဖြစ်ပွားရာ နေရာ၌ပင် နှစ်ဦးသေဆုံးခဲ့ကြောင်း၊ ဘတ်စ်ကားကို ဆယ်ယူရာမှ ဘတ်စ်ကားအတွင်း သေဆုံးသူနှစ်ဦးတွေ့ရှိရကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဒဏ်ရာရရှိသူများအား ဆေးရုံသို့ တင်ပို့ပေးခဲ့ပြီး ရှစ်ဦးမှာ အခြေအနေ စိုးရိမ်ရကြောင်း သိရသည်။ **(အင်တာနက်)**

အမေရိကန်စစ်ပြန် စစ်မှုထမ်းဟောင်းများအကြား အရက်သေစာ အလွန်အကျွံသောက်သုံးလာကြဟုဆို

ချီကာဂို ဩဂုတ် ၁၄

အီရတ်နှင့် အာဖဂန်နစ္စတန်စစ်မြေပြင်တွင် ပရိဒေဝမီး တောက်လောင်ကာ ဒုက္ခမျိုးစုံနှင့် ရင်ဆိုင်ကြုံတွေ့ခဲ့ရပြီးနောက် အမေရိကန်နိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော စိတ်ဒဏ်ရာရရှိခဲ့သည့် စစ်ပြန်များသည် အရက်သေစာအလွန်အကျွံ သောက်သုံးပြီး အလွဲသုံးမှုများကို သိသိသာသာ ကျူးလွန်စပြုနေကြပြီဖြစ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ သုတေသီများက ဩဂုတ် ၁၂ရက်တွင် ပြောကြားခဲ့ကြသည်။

ပိုမိုဖြစ်ပွား

ယခင်က အရက်အလွန်အကျွံ သောက်သုံးသူများမှာ ငယ်ရွယ်သည့် အမျိုးသားတပ်ဖွဲ့ဝင်များ၊ အမျိုးသမီးများနှင့် အမျိုးသားလုံခြုံရေးအဖွဲ့မှ စစ်ထဲမဝင်မနေရ စစ်မှုထမ်းသူများသာဖြစ်ကြောင်း၊ အရန်တပ်ဖွဲ့ဝင်များသည်လည်း အရက်သောက်သုံးမှုများပြားလာဖွယ်ရှိသူများဖြစ်ပြီး အရက်နှင့်ဆက်နွှယ်သော နောက်ဆက်တွဲပြဿနာများကို ပိုမိုဖြစ်ပွားစေမည့်သူများဖြစ်ကြောင်း ယင်းလေ့လာ သုတေသနပြုမှုတွင် ဖော်ပြထားသည်။

တပ်ဖြန့်ချထားသော အရန်တပ်ဖွဲ့ဝင်များ၊ လုံခြုံရေးဝန်ထမ်းများအကြား အရက်သေစာ သောက်သုံးမှုများပြားလာခြင်းကြောင့် ဖြစ်ပေါ်လာသည့် ရလဒ်သည် ပင်တဂွန်စစ်ဌာနချုပ်၏ တာဝန်ချထားမှုပမာဏပေါ်တွင် မူတည်နေကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

လေ့လာတွေ့ရှိ

တက်ကြွဖျတ်လတ်သော ရေကြောင်းတပ်ဖွဲ့ဝင်များကို တပ်ဖြန့်ချထားပြီးနောက် အရက်သေစာ ပိုမိုသောက်သုံးလာသည်ကို လေ့လာတွေ့ရှိကြရသကဲ့သို့ အရက်သေစာနှင့် ဆက်နွှယ်သည့် အသစ်အသစ်သော ပြဿနာများဖြစ်ပွားမှုကိုလည်း တွေ့ရှိခဲ့ကြရကြောင်း ကယ်လီဖိုးနီးယားပြည်နယ် ဆန်တီယာဂိုရှိ ရေတပ်ကျန်းမာရေး သုတေသနဗဟိုဌာနမှ အစ္စဘယ်လ်ဂျက်ကော့ဒ်နှင့် လုပ်ဖော်ကိုင်ဖက် သုတေသနပညာရှင်များက ရေးသားဖော်ပြသည်။ **အမ်အင်န်အေ၊ရိုက်တာ**

စက်မှုဇုန် ဖွံ့ဖြိုးတိုးတက်ရန် အခြေခံကောင်းများရှိပြီးဖြစ်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက် စွမ်းအင်ကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေး လောင်စာဆီကို နည်းလမ်းပေါင်းစုံဖြင့်ရှာဖွေ ဘိုကလေးဘုရားချောင်း အမကကျောင်းဆောင်သစ် ဖွင့်ပွဲနှင့် ပြည်စက်မှုဇုန်ဇီဝလောင်စာဆီ အီသနောထုတ်လုပ်မှု

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကို တက်ရောက်ကြည့်ရှုစစ်ဆေးမှာကြား

နေပြည်တော် ဩဂုတ် ၁၄

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဧရာဝတီတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများလိုက်ပါလျက် ဩဂုတ် ၉ ရက် နံနက်ပိုင်းက ဧရာဝတီတိုင်း ဘိုကလေးမြို့နယ် ဘုရားချောင်းကျေးရွာ၌ ကျင်းပသော အခြေခံပညာမူလတန်းကျောင်း ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ကျောင်းဆောင်သစ် အလှူရှင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ချမ်းမြေ့ သီတဂူ ဦးနိုင်ဦးက ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းကို ရှင်းလင်းတင်ပြပြီး ဗိုလ်ချုပ်ကိုကိုက ကျောင်းသားကျောင်းသူများအတွက် ကျောင်းဝတ်စုံအစုံ ၁၀၀၀ကိုလည်းကောင်း၊တိုင်းမှူးက ကျောင်းသုံးဗလာစာအုပ်နှင့် စာရေးကိရိယာများကိုလည်းကောင်း ပေးအပ်လှူဒါန်းကြသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက်ဧရာဝတီတိုင်းလက်ထောက်တိုင်းပညာရေးမှူး ဦးငွေစိုးနှင့် သီတဂူ ဦးနိုင်ဦး-ဒေါ်အေးအေးသိန်း မိသားစုတို့က ကျောင်းဆောင်သစ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် ဗိုလ်ချုပ်ကိုကိုက ဘုရားချောင်းကျေးရွာ အခြေခံပညာ မူလတန်းကျောင်းဆောင်သစ် ကမ္ပည်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး **(အပေါ်ပုံ)** ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကိုကိုသည် ဩဂုတ် ၁၀ရက် နံနက်ပိုင်း-တွင် ပြည်မြို့ရှိ ပြည်စက်မှုဇုန်သို့ ရောက်ရှိရာ ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှမင်း၊ ပဲခူး တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးချုပ် စိန်မြင့်နှင့် တိုင်းအဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက ကြိုဆိုကြသည်။

ဝိုင်းဝန်းပူးပေါင်း

ပြည်စက်မှုဇုန် ရှင်းလင်းဆောင်၌ ဗိုလ်ချုပ်ကိုကိုက အမှာစကားပြောကြားရာတွင် ယခုတိုးချဲ့ ပြည်စက်မှုဇုန်ကို ၂၀၀၃ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် စတင်ဖော်ထုတ်ဆောင်ရွက်ခဲ့သည့်စက်မှုဇုန်ဖြစ်ကြောင်း၊ ဤဒေသသည် မူလကပင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးပြီး တီထွင်ကြံဆ ဆောင်ရွက်နိုင်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ စက်မှုဇုန်ဖွံ့ဖြိုးတိုးတက်လာစေရန်အခြေအနေကောင်းများရှိပြီးဖြစ်၍ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြစေလိုကြောင်း။

နည်းလမ်းရှာဖွေ

စွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရန် လောင်စာဆီကို နည်းလမ်းပေါင်းစုံဖြင့်ရှာဖွေဖော်ထုတ်လျက်ရှိရာ မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်သည်နှင့်အညီ စိုက်ပျိုးရေးကို အခြေခံသော ဇီဝလောင်စာဆီ ထုတ်လုပ်မှုအတွက် နည်းလမ်းများ ရှာဖွေဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဇီဝလောင်စာဆီထုတ်ယူရရှိမည့် သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားရမည်ဖြစ်ကြောင်း ပြောကြားသည်။

ကြည့်ရှုအားပေး

ထို့နောက် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ဇီဝလောင်စာဆီ အီသနော ထုတ်လုပ်ထားရှိမှုနှင့် ပြည်စက်မှုဇုန်အတွင်း မော်တော်ယာဉ်များ ထုတ်လုပ်နေမှုများကို လည်းကောင်း၊ စပါးခွံဓာတ်ငွေ့ဖြင့် အင်ဂျင်စက်များလည်ပတ်မောင်းနှင်နေမှုများကိုလည်းကောင်း၊ ကြက်ဆူစေ့မှ ဇီဝလောင်စာဆီ ထုတ်လုပ်ပုံအဆင့်ဆင့်တို့ကိုလည်းကောင်း ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ပြည်စက်မှုဇုန်ထုတ်ကားများထုတ်လုပ်ပြီးစီးမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ခင်က လိုက်လံရှင်းလင်းတင်ပြသည်။ ယင်းနောက်ပြည်စက်မှုဇုန်အတွင်း တည်ဆောက်လျက်ရှိသော ဓေယျာရွှေတည် ဆန်စက်တည်ဆောက်နေမှုကို လှည့်လည်စစ်ဆေးသည်။

ထိုမှတစ်ဆင့် ဗိုလ်ချုပ်ကိုကို၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပြည်မြို့နယ် တီတွတ်စံပြကျေးရွာ၌ကျင်းပသော မိုးရာသီသစ်ပင်စိုက်ပွဲသို့ တက်ရောက်အားပေးကြပြီး ခရေပင်များကို စိုက်ပျိုးပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့မိခင်နို့ စနစ်တကျတိုက်ကျွေးရေး အထိမ်းအမှတ်အခမ်းအနားမြိတ်မြို့၌ကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

တနင်္သာရီတိုင်း ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းမိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့တို့ ကြီးမှူးကျင်းပသော ကမ္ဘာ့မိခင်နို့ တိုက်ကျွေးရေး ရက်သတ္တပတ် အထိမ်းအမှတ် အခမ်းအနားကို ဩဂုတ်၇ရက် နံနက် ၉နာရီခွဲက မြိတ်မြို့ ပုလဲရတနာခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကား

အခမ်းအနားတွင် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးက အဖွင့်အမှာစကား ပြောကြားပြီးနောက် မြိတ်အထွေထွေရောဂါကုဆေးရုံကြီးမှ ကလေးအထူးကုဆရာဝန်ကြီး ဒေါက်တာချိုချိုဝင်းက မိခင်နို့တိုက်ကျွေးရေးနှင့်ပတ်သက်၍ ပညာပေးဟောပြောဆွေးနွေးသည်။

လှူဒါန်း

ယင်းနောက် အလှူငွေများ လှူဒါန်းရာတွင် မြိတ်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းအတွက် တနင်္သာရီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက ငွေကျပ်သိန်း ၂၀ကို တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးကလည်းကောင်း၊ ဦးလှဝင်း-ဒေါ်အေးအေးသွယ် (ဇင်ယော်မင်းကုမ္ပဏီ)တို့က ငွေကျပ်ငါးသိန်းကို လည်းကောင်း လှူဒါန်းရာ တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက လက်ခံသည်။

၎င်းအပြင် မြိတ်မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းပိုင် သားဖွားခန်းအတွက် တန်ဖိုးငွေကျပ်နှစ်သိန်းနှစ်သောင်းရှိ သားဖွားခုတင် တစ်လုံးကို တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌဒေါ်ခင်သန်းဌေးမှ လှူဒါန်းရာ မြို့နယ်အသင်း ဥက္ကဋ္ဌက လက်ခံသည်။

လက်ခံ

ဆက်လက်ပြီး တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ခင်သန်းဌေးက မိခင်နို့ စနစ်တကျတိုက်ကျွေးရေး စံပြဆုရရှိသော ပလတိုက်နယ်ဆေးရုံအတွက် ဆုများနှင့် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်ဦးနှင့် ဇနီး ဒေါ်ခင်သန်းဌေးမိသားစုတို့ လှူဒါန်းသည့် ဆေးပဒေသာပင် ငွေကျပ်တစ်သိန်းကို ပေးအပ်လှူဒါန်းရာ ကိုယ်စားလှယ်တစ်ဦးက လက်ခံသည်။

ထို့နောက် တနင်္သာရီတိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌဒေါ်ခင်သန်းဌေးက ကိုယ်ဝန်ဆောင် မိခင်များအတွက် ကလေးအနှီးပိတ်၊ အိုင်အိုဒင်းဆားနှင့် သံဓာတ်အားဆေးများ ပေးအပ်လှူဒါန်းသည်။ (ဝ၄၃)

ပဲခူး မြစ်ကူးတာဝါတိုင်တပ်ဆင်ခြင်းလုပ်ငန်းသည် ရေပေါ်တွင် တိုင်တပ်ဆင်ခြင်း ပထမဆုံးလုပ်ငန်းဖြစ်

အတွေ့အကြုံနှင့် နည်းပညာများပေါင်းစပ်၍ အလေးထားဆောင်ရွက်

ရန်ကုန် ဩဂုတ် ၁၄

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဝန်ကြီးဗိုလ်ချုပ်ခင်မောင်မြင့်သည် ဩဂုတ် ၁၀ရက် နံနက် ၉နာရီက တာဝန်ရှိသူများ လိုက်ပါလျက် သာကေတ-သန်လျင် (KV230) မဟာဓာတ်အားလိုင်း (ပဲခူးမြစ်ကူး) တာဝါတိုင် တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ စီမံကိန်းရှင်းလင်းဆောင်၌ ဝန်ကြီးနှင့်အဖွဲ့အား ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့ (၁)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင့်လွင်က သာကေတ-သန်လျင်(KV230) မဟာဓာတ်အားလိုင်း(ပဲခူးမြစ်ကူး)တာဝါတိုင် တည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေနှင့် သတ်မှတ်ကာလအတွင်း အချိန်မီ ပြီးစီးစေရေး အလေးထား၍ လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေး စီမံကိန်း (တောင်ပိုင်း) စီမံကိန်း ညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က သာကေတ-သန်လျင် KV230 Twin Bundle Double Circuit Transmission Line ၇ဒသမ ၃၄မိုင် တည်ဆောက်မှုတွင် သာကေတဘက်ခြမ်း၌ တာဝါတိုင် ၁၀တိုင်၊ ပဲခူးမြစ်အတွင်း တာဝါတိုင် လေးတိုင်နှင့် သန်လျင်ဘက်ခြမ်းတွင် တာဝါတိုင်၂၂တိုင် စုစုပေါင်း မဟာဓာတ်အားလိုင်း တာဝါတိုင်၃၆တိုင် လျာထား သတ်မှတ်တည်ဆောက်လျက်ရှိမှု အခြေအနေတို့ကို ဖြည့်စွက်ရှင်းလင်း တင်ပြသည်။

အလေးထားဆောင်ရွက်

ရှင်းလင်းတင်ပြမှုများအပေါ် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်က သာကေတ-သန်လျင် KV230 မဟာဓာတ်အားလိုင်း တည်ဆောက်ခြင်းစီမံကိန်းသည် ရန်ကုန်မြို့ရှိ ပြည်သူများနှင့် စက်မှုဇုန်များအတွက် အထူးအရေးပါလျက်ရှိကြောင်း၊ မြစ်လယ် တာဝါတိုင်အောက်ခြေထည် Pile Capများ စံချိန်စံညွှန်းပြည့်ဝစေရေးနှင့်သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးစေရေး အလေးထား တည်ဆောက်သွားကြရန် လိုအပ်ကြောင်း၊ ပဲခူးမြစ်ကူးတာဝါတိုင်တပ်ဆင်ခြင်းလုပ်ငန်းသည် မြစ်အတွင်းရေပေါ်တွင် တိုင်တပ်ဆင်ခြင်း ပထမဦးဆုံးလုပ်ငန်းဖြစ်သဖြင့် အတွေ့အကြုံနှင့်နည်းပညာများပေါင်းစပ်၍ အလေးထား ဆောင်ရွက်သွားကြရန်လိုကြောင်း မှာကြားသည်။

ထို့နောက် သာကေတဘက်ကမ်းမှ တာဝါတိုင်အမှတ်(T-10)အောက်ခြေထည် Pile Cap ကွန်ကရစ်လောင်းခြင်း ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊မြစ်လယ်တာဝါတိုင် အမှတ်(T-14) ဒုတိယအဆင့် Pile Cap လောင်းနိုင်ရန်အတွက် အသုံးပြုသော လုပ်ငန်းသုံး သံပေါင်များအား ဇက်ရေယာဉ် အမှတ်(၁၁၀)ပေါ်သို့တင်ဆောင်နေမှုအခြေအနေ၊ မြစ်ရေလယ်တိုင်များ (R.C.D)Pile Cap လောင်းနေမှုအခြေအနေများကိုကြည့်ရှုစစ်ဆေးပြီး **(အပေါ်ပုံ)**လုပ်ငန်းခွင်အန္တရာယ်ကင်းဝေးစေရေးနှင့် သတ်မှတ်စံချိန်စံနှုန်းပြည့်ဝစေရေး အလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းမှာကြားပြီး လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ကမာနတ်(ပဲခူး)-ဘုရားကုန်း(သန်လျင်) KV230 မဟာဓာတ်အားလိုင်း တည်ဆောက်မှုလုပ်ငန်းများအနက် သုံးခွမြို့နယ် စစ်ပင်ကွင်းကျေးရွာအနီး မိုင်တိုင်အမှတ် ၅၉ မိုင် ၄ဖာလုံရှိ တာဝါတိုင်အမှတ် (၂၄၉)တွင် ကျွမ်းကျင်လုပ်သားများဖြင့် တာဝါတိုင်တပ်ဆင်ခြင်းဆောင်ရွက်နေမှု အခြေအနေများနှင့် တိုင်တပ်ဆင်ပြီးသော တာဝါတိုင်အမှတ်(၂၅၀ မှ ၁၆၁)အထိ တိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်နှင့်အဖွဲ့သည် ဘုရားကုန်း(သန်လျင်) ဓာတ်အားခွဲရုံ တည်ဆောက်ပြီးစီးမှုနှင့် ဓာတ်အားလိုင်းများ ချိတ်ဆက်ဆောင်ရွက်မှု အခြေအနေများကို သွားရောက် ကြည့်ရှုစစ်ဆေးရာ ဓာတ်အားခွဲရုံ Control Room ခန်းမ၌ ဝန်ကြီးနှင့်အဖွဲ့အား မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်း မန်နေဂျာ၊ အင်ဂျင်နီယာမှူးကြီး ဦးစောဝင်းမောင်က230/33/11 KV (100MVA) ဓာတ်အားခွဲရုံ တည်ဆောက် ပြီးစီးမှုနှင့် KV230 Switch Bay သုံးခုနှင့် 33KV Switch Bay ရှစ်ခု တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေ၊ ဓာတ်အားလိုင်း အဝင်/အထွက် ချိတ်ဆက် ဓာတ်အား ပို့လွှတ်နိုင်စေရေး စီမံဆောင်ရွက်ထားရှိမှုခြေအနေ၊ ဓာတ်အားခွဲရုံသုံး ပစ္စည်းများနှင့် ဓာတ်အားလိုင်းသုံး ပစ္စည်းများ ရောက်ရှိမှုအခြေအနေ၊ ကမာနတ်-သန်လျင် KV230မဟာဓာတ်အားလိုင်း(၆၁ဒသမ၃) မိုင်အား တာဝါတိုင်၂၇၂တိုင်သတ်မှတ်ပြီး ရွှေနေခြည် ကုမ္ပဏီမှ၂၇တိုင်၊ ဒဂုန်အင်တာနေရှင်နယ် ကုမ္ပဏီမှ ၇၇တိုင်၊ စေပိုင်ကုမ္ပဏီမှ ၁၅၅တိုင်နှင့်Myanmar V-Pile Co., Ltd. မှ ၁၃တိုင် ခွဲဝေသတ်မှတ်ပြီး တာဝါတိုင် အောက်ခြေထည် တည်ဆောက်ခြင်းနှင့် တာဝါတိုင်တပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြရာ ဓာတ်အားပို့လွှတ်ရေးစီမံကိန်း(တောင်ပိုင်း) စီမံကိန်းညွှန်ကြားရေးမှူး ဦးသိန်းလှိုင်က ကမာနတ်-သန်လျင် KV230 မဟာဓာတ်အားလိုင်းနှင့် သာကေတ-သန်လျင် KV230မဟာဓာတ်အားလိုင်းတည်ဆောက်ခြင်းလုပ်ငန်းများ စံချိန်စံနှုန်းပြည့်ဝစေရေးနှင့် သတ်မှတ် ကာလအတွင်း အချိန်မီပြီးစီးစေရေး အလေးထား ဆောင်ရွက်လျက်ရှိမှု အခြေအနေ၊ စီမံကိန်းလုပ်ငန်းများ အောင်မြင်တိုးတက်စေရေး ကုမ္ပဏီအဖွဲ့များနှင့် ပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများ အသုံးပြုကာ အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

(သတင်းစဉ်)

15-8 (06).pmd 1 3/13/2003, 6:31 AM

စိုက်ပျိုးရေးအခြေခံနိုင်ငံဖြစ်၍ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်စီးပွားရေးအတွက်အရေးပါ

လယ်ယာစီးပွားကောင်းမွန်ရေး၊ ဒေသဝမ်းစာဖူလုံရေး စပါးအထွက်နှုန်းတိုးအောင်စိုက်ပျိုး

ဗိုလ်ချုပ်သာအေး မိုးစပါးအဆင့်မြင့်နည်းပညာစံပြကွက် မြေသြဇာကြဲပက်ပွဲ တက်ရောက်မှာကြား

နေပြည်တော် ဩဂုတ် ၁၄

မွန်ပြည်နယ် မော်လမြိုင်မြို့တွင် ရောက်ရှိနေသော ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် ဩဂုတ် ၁၀ရက် နံနက်ပိုင်းက သံလွင်တံတား(မော်လမြိုင်)ကို ကြည့်ရှုစစ်ဆေးပြီး ပေါင်မြို့နယ် မုတ္တမမြို့ ကျုံကကျေးရွာရှိ ကျုံကဥယျာဉ်ခြံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကျုံကဥယျာဉ်ခြံမန်နေဂျာ ဦးမြင့်အောင်၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးသန်းနိုင်နှင့် မွန်ပြည်နယ် စိုက်ပျိုးရေးမန်နေဂျာ ဦးတင်အောင်ဝင်းတို့က လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြကြသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ဗိုလ်ချုပ်သာအေးသည် ကျုံကဥယျာဉ်ခြံအတွင်း မင်းကွတ်ပင်ကို စိုက်ပျိုးပေးပြီး မင်းကွတ်ပင်များ ရှင်သန်ဖြစ်ထွန်းနေမှု၊ စပျစ်စမ်းသပ်စိုက်ခင်းနှင့် ဒူးရင်းပျိုးပင်တို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးက**(အပေါ်ပုံ)** ပေါင်မြို့နယ် ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ဆေးရုံ၌ တက်ရောက် ဆေးဝါးကုသမှုခံယူလျက်ရှိသော လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။ ယင်းနောက် ဗိုလ်ချုပ်သာအေးသည် ပြင်ပလူနာဌာန၊ ဆေးသိုလှောင်ခန်းနှင့် ခွဲစိတ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

အရှိန်အဟုန်ဖြင့်ကြိုးပမ်း

ဆက်လက်၍ ဗိုလ်ချုပ်သာအေးသည် ပေါင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားရာတွင် ဒေသ၏လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန်အတွက် လာရောက်ခြင်းဖြစ်ကြောင်း၊ မိမိတို့ဒေသအလိုက် လိုအပ်ချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် တာဝန်ရှိသူများနှင့် မြို့မိမြို့ဖများက တင်ပြကြရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့်တပ်မတော်ဆိုသည့် အားသုံးအားဖြင့် ဆောင်ရွက်ခဲ့ကြ၍ ယခုအခါ နိုင်ငံအနှံ့အပြား ကဏ္ဍအသီးသီးမှ ဖွံ့ဖြိုးတိုးတက်မှုများ ရရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်ပြီး တက်ညီလက်ညီ အရှိန်အဟုန်ဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

တိုက်နယ်ဆေးရုံ

ထိုမှတစ်ဆင့် ဗိုလ်ချုပ်သာအေးနှင့် အဖွဲ့ဝင်များသည် ပေါင်မြို့နယ် ရင်းငြိမ်ကျေးရွာ၌ တည်ဆောက်လျက်ရှိသော ရင်းငြိမ်တိုက်နယ် ဆေးရုံဆောက်လုပ်မှုလုပ်ငန်းခွင်သို့ရောက်ရှိပြီး ဆေးရုံဆောက်လုပ်မှု လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရင်းငြိမ်တိုက်နယ်ဆေးရုံသည် အမြင့် ၁၀ပေ၊ အလျား ၁၂၇ပေ၊ အနံပေ ၁၀၀၊ Rcc တစ်ထပ်တိုက်ဖြစ်ပြီး ဧရိယာ သုံးဧကကျယ်ဝန်းကာ ၂၀ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။

တက်ရောက်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်သာအေးသည် သထုံမြို့နယ် ကျိုက္ကော်ကျေးရွာ၌ ကျင်းပသည့် မိုးစပါးအဆင့်မြင့်နည်းပညာ စံပြကွက် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ကြဲပက်ပွဲသို့ တက်ရောက်သည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း သထုံမြို့နယ် မန်နေဂျာ ဦးတိုးလှိုင်က ၂၀၀၈-၂၀၀၉ ခုနှစ် မိုးစပါးစံပြစိုက်ဧက ၂၀၀ စိုက်ပျိုးသည့် မြေနေရာပြ မြေပုံကားချပ်ဖြင့် ရှင်းလင်းတင်ပြသည်။

ပြောကြား

ဆက်လက်၍ ဗိုလ်ချုပ်သာအေးက မိမိတို့နိုင်ငံသည် စိုက်ပျိုးရေးကို အခြေခံသော နိုင်ငံဖြစ်၍ စိုက်ပျိုးရေးကဏ္ဍသည် နိုင်ငံတော်၏ စီးပွားရေးတိုးတက်မှုအတွက် အလွန်အရေးပါကြောင်း၊ ကျေးလက်နေပြည်သူအများစုမှာလည်း လယ်ယာကို အများစုလုပ်ကိုင်ကြ၍ လယ်ယာစီးပွားကောင်းမွန်ရေး၊ ဒေသဝမ်းစာဖူလုံပိုလျှံရေးအတွက် စပါးအထွက်နှုန်းတိုးအောင် စိုက်ပျိုးရန်လိုကြောင်း ပြောကြားသည်။

ယင်းနောက် ဗိုလ်ချုပ်သာအေးသည် တောင်သူဒေါ်မေဝင်း၏ အဆင့်မြင့်နည်းပညာ စံပြစိုက်ကွက်(ရွှေဘို-၁)တွင် ဓာတ်မြေသြဇာနှင့် သဘာဝမြေသြဇာ ကြဲပက်နေမှုနှင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိသော မိုးစပါးအဆင့်မြင့်နည်းပညာ စံပြစိုက်ကွက်ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(သတင်းစဉ်)**

ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁၆)ထွက်ပါပြီ

ရန်ကုန် ဩဂုတ် ၁၄

သိပ်ရာသီ၊ ဝါခေါင်လ၏ ခတ္တာပန်းများ ပွင့်လန်းခြင်းနှင့်အတူ ကျေးလက်ပြည်သူတို့ကို စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကျန်းမာရေးနှင့် ဗဟုသုတ အဖြာဖြာကို ဖော်ပြပေးနေသော ဒို့ကျေးရွာဂျာနယ် အတွဲ(၅)၊ အမှတ်(၁၆)အား ၂၀၀၈ခုနှစ် ဩဂုတ် ၁၅ရက်တွင် ထုတ်ဝေလိုက်ပြီဖြစ်ပါသည်။

ယခုအပတ် ဒို့ကျေးရွာဂျာနယ်တွင် နာဂစ်မုန်တိုင်းပြီးနောက် ရှင်သန်လာတော့မည့် စပါးခင်းများ၊ စပါးပင်ကို အရွက်အရောင်တိုင်း၍ လိုအပ်မှသာ ယူရီးယားကိုထည့်သင့်၊ ရွှေလက်ဖက် ငွေလက်ဖက်၊ ငရုတ်တစ်ပင် ဘူးတစ်ပင် စိုက်လျှင်ရောင်းရ ဝမ်းလဲဝစေသည့် စိုက်ပျိုးရေးဆောင်းပါးများ၊ သိုး၊ ဆိတ်များတွင် တွေ့လေ့ရှိသောယင်ကောင်၊ ကျွဲမွေးမြူရေး အထူးဇုန်နှစ်ခုဖော်ထုတ်၊ နွားကိုနဖားကြိုး ဘယ်လိုထိုးမလဲ စသည့် မွေးမြူရေး သတင်းဆောင်းပါးများ၊ ကြက်ဥကိုစားအကျိုးများ၊ ဆေးဖက်ဝင် ကြက်သွန်နီဥ၊ နို့ထွက်ပစ္စည်း များများစားသုံးရန်လိုအပ်၊ လာဘ်တွေဝေ လာဘ်တွေဝေနေ စသည့် ကျန်းမာရေးဆောင်းပါးများ၊ သတိမထားအမှားအန္တရာယ်၊ ကြာလေကောင်းလေ ဟောင်းလေသစ်လေ၊ ကျေးလက်စာကြည့်တိုက်များနှင့် စာပေဟောပြောပွဲ၊ အခါတိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံများ၊ လက်ခတ်သံတညံညံကြားရသော ကျေးရွာများ၊ တို့ကျေးရွာကျောင်းက စေတနာဆံသ ဆရာ ဆရာမ၊ ဦးပိန်တံတားကြီး ရေရှည်တည်တံ့ ခိုင်မြဲရေး ပြည်သူများ ဝိုင်းဝန်းထိန်းသိမ်းရန်လိုအပ် စသည့် အသိပညာပေး သုတ၊ ရသ ဆောင်းပါးများနှင့်ကပ်ဖွဲ့တဲ့နွား အိမ်မထားနဲ့ဝတ္ထုတိုတို့အပြင် ဟာသ၊ ကာတွန်း၊ ကဗျာ၊ မြန်မာဗီဒီယို ဇာတ်လမ်းများ၊ သတင်းအတိုအထွာများကို သုတ၊ ရသ စုံလင်စွာဖော် ပြထားပါသည်။

ဒို့ကျေးရွာဂျာနယ်ကို အမြို့မြို့အနယ်နယ်ရှိ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးများနှင့် ရန်ကုန်မြို့ စာပေဗိမာန်စာအုပ်အရောင်းဆိုင်၊ ဝါမိုးအောင် စာအုပ်ဆိုင်တို့တွင် တစ်စောင်လျှင် ကျပ် ၂၀၀နှုန်းဖြင့် ဝယ်ယူရရှိနိုင်ပါသည်။

ဒို့ကျေးရွာဂျာနယ်အတွက် စာမူနှင့် ကြော်ငြာများကို အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၃၄၀၊ ၃၇၁၃၄၂တို့သို့ ဆက်သွယ်ပေးပို့နိုင်ပါသည်။ **(သတင်းစဉ်)**

ကျိုက်လတ်မြို့နယ် ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ထူးချွန်စွာအောင်မြင်သော ကျောင်းသားကျောင်းသူများ ပညာရည်ချွန်ဆုချီးမြှင့်

ရန်ကုန် ဩဂုတ် ၁၄

ဧရာဝတီတိုင်း ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ်အတွင်းရှိ ၂၀၀၈ခုနှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသားကျောင်းသူများအား ပညာရည်ချွန်ဆုပေးအပ်ချီးမြှင့်ပွဲ အခမ်းအနားကို ဩဂုတ်၁၁ရက် နံနက်၉နာရီက ရွှေရောအောင်ခန်းမ၌ ကျင်းပသည်။

အဖွင့်အမှာစကား

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က အဖွင့်အမှာစကား ပြောကြားပြီး မြို့မိမြို့ဖ ရွှေဒေါင်းဆန်စက်ပိုင်ရှင် ဦးကင်းဟန်က ပညာရည်ချွန်ဆုချီးမြှင့်ရေးအတွက် အလှူငွေလှူဒါန်းရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ထို့နောက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စိုးနိုင်က ခြောက်ဘာသာဂုဏ်ထူးရရှိသော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ မအေးအေးမွန်နှင့် အောင်ချက်အကောင်းဆုံး အထက်တန်းကျောင်းဆုကို အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်မြင့်သိန်းတို့အားလည်းကောင်း**(ယာပုံ)**၊ ငါးဘာသာဂုဏ်ထူးရရှိသော အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ မပြည့်ဖြိုးခိုင်အား တပ်မမှူး ဗိုလ်မှူးကြီးစန်းမြင့်ကလည်းကောင်း၊ ဆက်လက်၍ ဂုဏ်ထူးရရှိသော ကျောင်းသား ကျောင်းသူများနှင့် ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့ကြသော ဆရာဆရာမများအား တာဝန်ရှိသူများကလည်းကောင်း၊ ဆုတံဆိပ်နှင့်ဂုဏ်ပြုချီးမြှင့်ငွေများကို အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ကျိုက်လတ်မြို့နယ်အတွင်း၌ ၂၀၀၇-၂၀၀၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ၌ ခြောက်ဘာသာဂုဏ်ထူးရှင် တစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင်တစ်ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ငါးဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်ကိုးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၆၂ဦး စုစုပေါင်း ဂုဏ်ထူးရှင် ၇၈ဦး ထူးချွန်စွာအောင်မြင်ခဲ့ကြပြီး အဆိုပါဆုပေးပွဲတွင် ဘာသာရပ်အလိုက် ထူးချွန်စွာအောင်မြင်ခဲ့သော ကျောင်းသား ကျောင်းသူများ၊ ဂုဏ်ထူးရရှိအောင် သင်ကြားပေးခဲ့သော ဆရာ ဆရာမများ၊ အောင်ချက်အကောင်းဆုံးရရှိခဲ့ကြသော ကျောင်းများအတွက် ဂုဏ်ပြုချီးမြှင့်ငွေများကို ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာနက ငွေကျပ်၁၀သိန်း၊ ကျိုက်လတ်မြို့နယ် မြို့မိမြို့ဖ ရွှေဒေါင်းဆန်စက်ပိုင်ရှင် ဦးကင်းဟန်-ဒေါ်ကျင်သန်းမိသားစုက ငွေကျပ်၁၀သိန်း စုစုပေါင်းငွေကျပ် သိန်း ၂၀ဖြင့် ဂုဏ်ပြုချီးမြှင့် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **(မြို့နယ်ထွေအုပ်ဦးစီး)**

(အနောက်)စွန်းလွန်းဂူ ဝိပဿနာတောရကျောင်းတိုက် အင်းတကော်မြို့ ဝါတွင်း ၁၀ ရက် တရားစခန်း

ရန်ကုန် ဩဂုတ် ၁၄

ပဲခူးတိုင်း အင်းတကော်မြို့(အနောက်) စွန်းလွန်းဂူ ဝိပဿနာတောရကျောင်းတိုက်၌ ဝါတွင်းတရားစခန်းပွဲကို ကျေးဇူးတော်ရှင် စွန်းလွန်းဆရာတော်ကြီး၏ ဥပဒိဿယအတိုင်း သတိပဋ္ဌာန် ဝိပဿနာ ဘာဝနာတရားကို ပဓာန နာယက ဆရာတော် (ဆရာတော်ဦးမဟာနာမ်)အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တနန္ဒိယဆရာတော်က ဟောကြားပြသ၍ ၁၃၇၀ပြည့်နှစ် ဝါခေါင်လဆန်း၁၂ရက် (ဩဂုတ်၁၃ရက်)မှ ဝါခေါင်လပြည့်ကျော် ၇ရက် (ဩဂုတ်၂၃ရက်)အထိ (၁၀)ရက်တရားစခန်း ဖွင့်လှစ်မည်ဖြစ်ပါသည်။

ဆက်သွယ်လှူဒါန်းနိုင်

တရားစခန်းဝင်လိုသူ ယောဂီများနှင့် လှူဒါန်းလိုသူ အလှူရှင်များသည် ဆရာတော် ဖုန်း-၀၉-၅၀-၀၀၃၁၃၊ ဦးသန်းညွှန့် ဖုန်း-၀၁-၅၇၂၉၂၈၊ ဦးစိန်ဝင်း ဖုန်း-၀၉-၉၉-၇၂၄၇၅၊ ဦးအုန်းဝင်း ဖုန်း-၀၁-၅၆၅၇၃၇၊ ဦးအောင်သူ ဖုန်း-၀၉-၅၁-၆၈၉၆၂၊ ဦးအေးလွင် ဖုန်း-၀၉-၅၁-၇၇၂၀၄၊ ဦးညွှန့်ဝေ ဖုန်း-၀၁-၇၀၃၀၈၄နှင့် ဦးထွန်းအေး ဖုန်း-၀၁-၅၆၁၆၃၇တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အသိပညာပေးဟောပြောပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတို့ ပူးပေါင်းစီစဉ်ကျင်းပသော အသိပညာပေး ဟောပြောပွဲကို ဩဂုတ် ၁၁ရက် နံနက် ၁၀နာရီက ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်း၌ ကျင်းပသည်။

တက်ရောက်

ဟောပြောပွဲသို့ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် အတွင်းရေးမှူးအဖွဲ့ အဖွဲ့ဝင် ဒေါက်တာ ဒေါ်သက်သက်ဇင်၊ လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယ ခေါင်းဆောင်နှင့် ပညာရေးလုပ်ငန်းအဖွဲ့ခွဲနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ခွဲတို့မှ အဖွဲ့ခွဲခေါင်းဆောင်များနှင့် အဖွဲ့ဝင်များ၊ ရန်ကင်းမြို့နယ် ပညာရေးမှူး၊ ရန်ကင်းမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီး၊ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့် ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့အနေဖြင့် ကျောင်းသားကျောင်းသူများ ဘက်စုံပညာပြည့်ဝသော နိုင်ငံ့သားကောင်းများအဖြစ် ပေါ်ထွန်းလာစေရန်၊ နိုင်ငံချစ်စိတ်နှင့် မျိုးချစ်စိတ် ထက်သန်လာစေရန်ရည်ရွယ်၍ အသိပညာပေးဟောပြောပွဲများ ကျင်းပပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဟောပြော

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှုလုပ်ငန်းအဖွဲ့ ဒုတိယခေါင်းဆောင် ဒေါက်တာဒေါ်ထူးထူးအောင်က ယဉ်ကျေးလိမ္မာမျိုးမြန်မာ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပညာရေးလုပ်ငန်းအဖွဲ့ခွဲ အဖွဲ့ဝင် ဒေါ်တင်တင်ရှုက ပြည်ထောင်စုစိတ်ဓာတ် ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောကြသည်။

လှည့်လည်ကြည့်ရှုအားပေး

ထို့နောက် မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် လူမှုရေးနှင့်ယဉ်ကျေးမှု လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်က ကျောင်းစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ထွန်းမစိန်ထံ ပေးအပ်လှူဒါန်းပြီး အဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စန္ဒာအောင်နှင့် အဖွဲ့ဝင်များသည် ကျောင်းစာကြည့်တိုက်နှင့် ကျောင်းကျန်းမာရေးပြခန်းတို့ကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

■ **ကျော့ဖုံးမှ**

ဒီဓာတ်ပုံပြပွဲနဲ့ ပတ်သက်ပြီး မြန်မာနိုင်ငံ ဓာတ်ပုံအသင်းဥက္ကဋ္ဌ ဦးတင်မြင့်(စစ်ငြိမ်းပန်း)က ''ဒီဓာတ်ပုံပြပွဲက မြန်မာနိုင်ငံ ဓာတ်ပုံအသင်းအနေနဲ့လေဘေးသင့်ခံရသူတွေအတွက် ပထမဆုံးအလှူငွေပွဲ ဖြစ်ပါတယ်။

တစ်နိုင်ငံလုံးက ဓာတ်ပုံအနုပညာရှင် ၅၁ ဦးရဲ့ ဓာတ်ပုံပေါင်း ၂၀၀ ကျော် ခင်းကျင်းပြသထားတာကို တွေ့ရပါတယ်။ဓာတ်ပုံတွေကို လေ့လာကြည့်တဲ့အခါ မြန်မာနိုင်ငံမြောက်ပိုင်း ရေခဲတောင်တွေကနေပြီး မြန်မာနိုင်ငံတောင်ပိုင်းမှာရှိတဲ့ ဆလုံကျွန်းအထိ

လှူသွားမှာပါ

''ဓာတ်ပုံတွေရောင်း ရ သမျှ ငွေ အကုန်လေဘေးသင့် ခံရသူတွေ အတွက် လှူသွားမှာပါ''

ဦးတင်မြင့်
ဥက္ကဋ္ဌ
မြန်မာနိုင်ငံ
ဓာတ်ပုံအသင်း

ဓာတ်ပုံပြပွဲမှာ ဓာတ်ပုံရောင်းရငွေအားလုံးကိုလှူဒါန်းမယ်။ဒီလိုလှူဒါန်းတဲ့အခါ ရောင်းရငွေတွေကို မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကတစ်ဆင့် ပေးအပ်လှူဒါန်းသွားမှာပါ။ဒီဓာတ်ပုံပြပွဲမှာ ကျွန်တော်တို့အနေနဲ့ နာဂစ်မုန်တိုင်းနဲ့ ပတ်သက်တဲ့ ပုံတွေတော့ မပါဘူး။ဒါကလည်းဒီဓာတ်ပုံတွေကို ဝယ်ယူလှူဒါန်းသွားတဲ့အခါကိုယ်ဝယ်လိုက်တဲ့ ဓာတ်ပုံတွေကို ကြည့်လိုက်ရင် အလှူဒါနပြုလိုစိတ် ထပ်ဆင့်ဖြစ်ပွားစေတဲ့ဆန္ဒ ဖြစ်ပေါ်စေချင်လို့ပါ၊ နောက်ပြီး ကိုယ်ဝယ်သွားတဲ့ဓာတ်ပုံဟာ အိမ်၊ ရုံးစတဲ့နေရာမရွေး ချိတ်ဆွဲလို့ရအောင်လည်း ရိုက်ကူးတင်ပြထားတဲ့ဓာတ်ပုံတွေချည်းပါပဲ'' လို့ ရှင်းပြပါတယ်။

ခံစားရ

ဒီဓာတ်ပုံပြပွဲမှာ မြန်မာနိုင်ငံ ဓာတ်ပုံအသင်းသားတွေ အပါအဝင်

ပါဝင်နေတာမို့ ပြခန်းအတွင်းမှာပဲ မြန်မာတစ်နိုင်ငံလုံးကို လှည့်လည်သွားလာရောက်ရှိနေသလို ခံစားရပါတယ်။

မြစေတီ

ဓာတ်ပုံပြပွဲအတွင်းမှာ ပြသထားတဲ့ ဓာတ်ပုံတွေအနက် ဓာတ်ပုံဆရာ စစ်ငြိမ်းပန်းရဲ့ **'မြစေတီ'**လို့ အမည်ပေးထားတဲ့ဓာတ်ပုံကို လေ့လာကြည့်တဲ့အခါရောဝတီတိုင်းငပုတောမြို့နယ် ကျောက်ကလပ်ရွာ (ပုသိမ်မြစ်ဝအနီး) မှာရှိတဲ့ မြစေတီကို ရှုထောင့်ကောင်းကောင်းကရိုက်ကူးထားပုံဖြစ်ပါတယ်။ ကျောက်ကလပ်ပေါ်မှာ တည်ထားတဲ့ စေတီကို ညနေအလင်းရောင်ရိုက်ခတ်နေပုံဟာ နောက်ခံ ကောင်းကင်အပြာရောင်ကြောင့် ရုပ်လုံးကြွနေပါတယ်။ ဒါ့အပြင် လူတစ်ဦးလမ်းဖြတ်လျှောက်သွားတာကိုလည်း ပါအောင်ထည့်သွင်းရိုက်ကူးထားတာမို့ဓာတ်ပုံဟာ အလှုပ်

ဆွဲဆောင်မှု အပြည့်ရှိသည့် ဓာတ်ပုံအနုပညာရှင် စစ်ငြိမ်းပန်း၏'မြစေတီ'ဓာတ်ပုံကလည်း စိတ်ဝင်စားစရာ။

ဖြစ်နေပြီး ကြည့်သူကို ဆွဲဆောင်မှုရှိစေတဲ့ ပုံကောင်းတစ်ပုံဖြစ်ပါတယ်။

ပြောင်မြောက်

နောက်ထပ် စိတ်ဝင်စားစရာကောင်းတဲ့ ဓာတ်ပုံကတော့ ဓာတ်ပုံအနုပညာရှင် ဖေမြင့်ဦးရဲ့ ဆလုံတစ်ဦး ငါးဖမ်းနေတဲ့ပုံ ဖြစ်ပါတယ်။

ဓာတ်ပုံဆရာ စောသိဏ်းဝင်း၏ 'ဆိတ်ကျောင်းသား'ဓာတ်ပုံက အလင်းအမှောင်ကို အပိုအလိုမရှိ ကွက်တိဖြစ်အောင် ရိုက်ယူထားသည်မှာ...

လေ့တစ်စင်းပေါ်မှ ခုန်ထွက်ပြီး ရေပြင်ထဲမှာ ကူးခပ်သွားလာနေတဲ့ ငါးကို မှိန်းနဲ့ထိုးဖမ်းဖို့ ကြိုးစားနေတဲ့ ဆလုံ တံငါသည်တစ်ဦးရဲ့ ဓာတ်ပုံဟာ တကယ့်ကို အသက်ဝင်လှုပ်ရှားနေတဲ့ ပုံဖြစ်ပါတယ်။ ဓာတ်ပုံကြည့်သူကိုယ်တိုင် စိတ်လှုပ်ရှားမှု ဖြစ်ပေါ်စေအောင်ပြောင်မြောက်လှပါတယ်။

စိတ်ဝင်စားစရာ

''ဆိတ်ကျောင်းသား''လို့အမည်ပေးထားတဲ့ ဓာတ်ပုံကတော့ ဓာတ်ပုံဆရာစောသိဏ်းဝင်းရဲ့ရိုက်ချက်ပါပဲ။ ဆိတ်ကျောင်းသမားတစ်ဦးရဲ့ အပြန်ခရီးမှာ ဆိတ်တွေလှုပ်ရှားမှု၊ ဖုန်တွေထနေပုံကိုအပေါ်စီးမြင်ကွင်းကနေပြီး ထိထိမိမိ ရိုက်ကူးထားတာ တွေ့ရပါတယ်။ အလင်းနဲ့အမှောင်ကို အပိုအလိုမရှိ ကွက်တိဖြစ်အောင် ချိန်ဆဖမ်းယူ ရိုက်ထားခြင်း ဖြစ်တာမို့ စိတ်ဝင်စားစရာကောင်းတဲ့ ဓာတ်ပုံဖြစ်ပါတယ်။

ကိုတံငါ

ဓာတ်ပုံအနုပညာရှင် အောင်ထွန်းဝင်းရဲ့ **'ကိုတံငါ'**လို့ အမည်ပေးထားတဲ့ ဓာတ်ပုံကလည်း တစ်မျိုးတစ်ဘာသာအနေနဲ့ သဘာဝကျလှပါတယ်။ မန္တလေးမြို့ ဦးပိန်တံတားအနီး သစ်ခြောက်ပင်ရှိတဲ့ဘက်က ညနေဇနာရီကျော်လောက်မှာရိုက်ကူး

'ကိုတံငါ'အမည်ရှိ ဓာတ်ပုံကလည်း ပန်းချီကားတစ်ချပ်ပမာ...

ထားတဲ့ပုံ ဖြစ်ပါတယ်။ အလင်းအားကျပြီး အမှောင်ရိပ်သန်းစ အနေအထားကို လက်စွမ်းပြရိုက်ကူးထားတာမို့ ရေပြင်မှာ လှိုင်းလေးတွေ ထနေတာကအစ ပီပြင်ပြတ်သားစွာ မြင်တွေ့ရပါတယ်။

ရသမျိုးစုံ

ပြပွဲမှာ ခင်းကျင်းပြသထားတဲ့ ဓာတ်ပုံတွေအားလုံးဟာ ရိုက်ချက်၊ ရှုထောင့်၊ အယူအဆနဲ့ ပြတ်သားမှုတွေကြောင့် လေ့လာသူတွေအတွက် ရသမျိုးစုံကို ပေးစွမ်းနိုင်တဲ့ ဓာတ်ပုံကောင်းတွေဖြစ်တာမို့ အလှူဒါနပြုတဲ့အနေနဲ့ သွားရောက်အားပေးသင့်ပါကြောင်း တိုက်တွန်းနှိုးဆော် ရေးသားလိုက်ရပါတယ်။ ။

(မြန်မာ့အလင်း)

ဖြူးမဟာစည် မိုးရာသီ တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကမာရွတ်ဘူတာရုံအနီး ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာတွင် ဝါခေါင်လပြည့်ကျော်၄ရက်မှ တော်သလင်းလဆန်း၄ရက်(ဩဂုတ်၂၀ရက်မှ စက်တင်ဘာ၃ရက်)အထိ မိုးရာသီ ၁၅ရက်ဝိပဿနာတရားစခန်းကို ပဓာနနာယက သာသနဓဇ ဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတဓရ ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ ဦးစီး၍ တပည့်ဓမ္မကထိကများက ဟောဖော်ညွှန်ပြမည်ဖြစ်သည်။ တရားစခန်းအတွင်း အရှဏ်ဆွမ်း၊ နေ့ဆွမ်းလှူဒါန်းလိုသူများနှင့် တရားစခန်း ဝင်ရောက်အားထုတ်လိုသော ယောဂီများသည် ဖုန်း-၅၃၀၀၆၈၊ ၅၀၁၈၄၆လိုင်းခွဲ (၁၈၁) သို့ ဆက်သွယ်လှူဒါန်း စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း သဘာဝဘေး အင်တာနက် ဖောင်ပိတ်သတင်း

အင်ဒိုနီးရှား၌ မြေပြိုမှုဖြစ်ပွား ငါးဦးသေဆုံး နေအိမ်အချို့ပျက်စီး

အမ်ဘွန် ဩဂုတ် ၁၄

အင်ဒိုနီးရှားနိုင်ငံ ကိုင်ရာတူခရိုင်တွင် ဩဂုတ်၁၄ရက် နံနက်က မြေပြိုမှုဖြစ်ပွားရာ ငါးဦးသေဆုံးပြီး အချို့ဒဏ်ရာရရှိခဲ့ကြောင်း အင်ဒိုနီးရှားနိုင်ငံ သဘာဝဘေးဆိုင်ရာ အရာရှိများက ပြောကြားသည်။

မြေပြိုမှုဖြစ်ပွားသည့်နေရာမှာ ကိုင်ရာတူခရိုင် အက်တီမြစ်အနီးရှိ အရပ်၌ဖြစ်ပြီး နေအိမ်အချို့ပျက်စီးသွားကြောင်း(အပေါ်ပုံ)၊ လွန်ခဲ့သည့်ရက်အနည်းငယ်က မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းမှုကြောင့် ယခုကဲ့သို့ မြေပြိုမှုဖြစ်ပွားခဲ့ရခြင်းဖြစ်ကြောင်း သိရသည်။

နီပေါခတ္တမန္ဒူမြို့အနီး၌ မိုးကြိုးပစ်ချခံရ လေးဦးသေဆုံး၊ ငါးဦးဒဏ်ရာရ

ခတ္တမန္ဒူ ဩဂုတ် ၁၄.

နီပေါနိုင်ငံ ခတ္တမန္ဒူမြို့အနောက်ဘက် ကျေးရွာတစ်ရွာ၌ ဩဂုတ် ၁၄ရက် မွန်းလွဲပိုင်းက မိုးကြိုးပစ်ချမှုကြောင့် လေးဦးသေဆုံးပြီး ငါးဦးဒဏ်ရာပြင်းထန်စွာ ရရှိခဲ့ကြောင်း နီပေါနိုင်ငံမှ မိုးလေဝသဆိုင်ရာ အရာရှိများက ပြောကြားသည်။

ဖြစ်ပွားမှုမှာ အဆိုပါကျေးရွာမှ ရွာသားများက လယ်ယာလုပ်ငန်းခွင်ဝင်ရောက်လုပ်ကိုင်နေကြစဉ် ရုတ်တရက် မိုးကြိုးပစ်ချခံရခြင်းဖြစ်သည်။ ဒဏ်ရာရရှိသူများမှာ စိုးရိမ်ရသဖြင့် ဆေးရုံသို့အမြန်တင်ပို့လိုက်ရကြောင်း သိရသည်။

နယူးဇီလန်တောင်ပိုင်း၌ ရေလွှမ်း နေအိမ်များရေနစ်မြုပ်ပြီး သွားလာရေးပြတ်တောက်

ကာရာပီရီ ဩဂုတ် ၁၄

နယူးဇီလန်နိုင်ငံ တောင်ပိုင်းဒေသများတွင် ဩဂုတ် ၁၄ရက် နံနက်မှစ၍ မိုးသည်းထန်စွာ အဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် မြစ်ရေများလျှံတက်ပြီး ရေလွှမ်းမှုများ ဆိုးရွားစွာ ဖြစ်ပေါ်ခဲ့ကြောင်း(အောက်ပုံ) နယူးဇီလန်နိုင်ငံမိုးလေဝသဌာနမှ သတင်းထုတ်ပြန်သည်။

ထိုသို့ရေလွှမ်းမှုကြောင့် ကာ့တစ်မြို့၌ နေအိမ်များရေနစ်မြုပ်ပြီး ကားလမ်းများရေလွှမ်းခဲ့ရာ မော်တော်ယာဉ်သွားလာရေး ပြတ်တောက်လျက်ရှိကြောင်း၊ ကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိကြောင်း ၄င်းသတင်း၌ ဖော်ပြသည်။

ဩဂုတ် ၁၄ရက်က ရန်ကုန်တက္ကသိုလ် သမိုင်းဌာန၏ ဝါဆိုသင်္ကန်းကပ်လှူပွဲ အခမ်းအနားကို ဝေသာလီဆောင်ရှိ သမိုင်းခန်းမ၌ ကျင်းပရာ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် (စွယ်တော်) ၏ ပါမောက္ခချုပ် ဆရာတော် ဒေါက်တာနန္ဒမာလာဘိဝံသ အမှူးပြုသော သံဃာတော်များအား သမိုင်းပါမောက္ခ(ဌာနမှူး) ဒေါက်တာ မာဂရက်ဝေါင်း၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများက ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြစဉ်။ (မြန်မာ့အလင်း)

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်မြို့နယ်ခုနစ်မြို့နယ်သို့ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က အပ်ချုပ်စက်များလှူဒါန်း

ကျိုက်လတ် ဩဂုတ် ၁၄

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ခုနစ်မြို့နယ်သို့ ဝင်ငွေတိုးလုပ်ငန်းများအတွက် လှူဒါန်းသော အပ်ချုပ်စက်၃၅လုံး ပေးအပ်လှူဒါန်းပွဲကို ဖျာပုံခရိုင် ကျိုက်လတ်မြို့နယ် ရွှေဇရာအောင်ခန်းမ၌ ဩဂုတ်၁၀ရက် နံနက်၁၀နာရီက ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်ရီရီအောင်နှင့် အဖွဲ့ဝင်များ၊ ဖျာပုံခရိုင် အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ လေဘေးသင့်ခုနစ်မြို့နယ်တို့မှ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ပေးအပ်လှူဒါန်း

ရှေးဦးစွာ ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ခုနစ်မြို့နယ်သို့ ဝင်ငွေတိုးလုပ်ငန်းများအတွက် အပ်ချုပ်စက်များ လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အမျိုးသမီးရေးရာအဖွဲ့ချုပ်အကြောင်း ရှင်းလင်းပြောကြားကာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က လှူဒါန်းသော အပ်ချုပ်စက်များကို ပေးအပ်လှူဒါန်းသည်။

ဖြည့်ဆည်း

ထို့နောက် ဧရာဝတီတိုင်း အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီအောင်နှင့် အဖွဲ့ဝင်များသည် လှည်းဆိပ်ကျေးရွာရှိ ဇကာ၁၀၀၀ စံပြကွက် ရှင်းလင်းဆောင်၌ကျင်းပသော အမျိုးသမီးများ အသိပညာပေးဆွေးနွေးပွဲသို့ တက်ရောက်ဆွေးနွေးအမှာစကားပြောကြားကာ တက်ရောက်လာကြသော မြို့နယ်အတွင်းရှိ အမျိုးသမီးရေးရာ အဖွဲ့ဝင်များနှင့် လူမှုရေး၊ ကျန်းမာရေးဆိုင်ရာကိစ္စရပ်များ အပြန်အလှန်ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးတင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အရှင်ခေမိန္ဒ (စစ်ကိုင်း၊ ခင်မကန်) ဝါတွင်းအထူးတရားပွဲ

ရန်ကုန် ဩဂုတ် ၁၄

ဗဟန်းမြို့နယ် ဦးချစ်မောင်လမ်းရှိ ဆရာစံရပ်ကွက်လုံးဆိုင်ရာ နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံကြီး၌ အရှင်ခေမိန္ဒ(စစ်ကိုင်း၊ ခင်မကန်) သာသနာပြု နယ်လှည့်ဓမ္မကထိကဆရာတော်၏ ဝါတွင်းအထူးတရားပွဲကို ဩဂုတ် ၁၆ရက် (စနေနေ့) ည၇နာရီတွင် နိဗ္ဗာန်ရောက်ကြောင်းတရားတော်များ ဟောကြားမည်ဖြစ်ရာ မည်သူမဆို တရားနာကြွရောက်နိုင်ကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

တရားစခန်း ဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (၂)ရပ်ကွက် အာသာဝတီလမ်းမကြီးရှိ ပခုက္ကူ တိုက်သစ်ကျောင်း၌ ဝါခေါင်လပြည့်ကျော် ၁ရက်(တနင်္ဂနွေနေ့)မှစ၍ တန်ဆောင်မုန်းလပြည့်နေ့အထိ စနေ၊ တနင်္ဂနွေနေ့တိုင်း မွန်းလွဲ၂နာရီမှ ညနေ၅ နာရီအထိ အချိန်သုံးပိုင်းခွဲ၍ စူဠသောတာပန်(သောတာပန်အငယ်စား)သင်တန်းကို ဖွင့်လှစ်မည်ဖြစ်ရာ တရားကြားကြာ ထိုင်ရမှာ ကြောက်သူများအတွက် ပါဠိ၊ မြန်မာ ငါးဘာသာ ဂုဏ်ထူးအောင် သာသနဇောတိကပဝရ ဓမ္မာစရိယ ဝိနယပါဠိပါရဂူ (နိကာယပါရဂူ) မဟာဓမ္မကထိကဘွဲ့ ခံယူထားသော ပခုက္ကူ အရှင်ဝိစာရ (ရန်ကုန်)က မြတ်ဗုဒ္ဓ၏ ဥပနိဿယအတိုင်း ဟောကြားပြသမည်ဖြစ်ရာ တရား အားထုတ်မည့်သူများသည် ဖုန်း-၀၉-၅၁၉၅၉၆၂ နှင့် ၀၁-၆၅၁၃၁၀ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် တဘက်တစ်ထည် ယူဆောင်လာရမည်ဟု သိရသည်။ (၁၂၅)

ရတနာမဉ္ဇူ ဓမ္မရိပ်သာ လစဉ်တရားစခန်းဖွင့်မည်

ရန်ကုန် ဩဂုတ် ၁၄

ကမ္မဋ္ဌာနာစရိယ ဆရာတော် အရှင် ဇေယျာနန္ဒ(ပုဂံ)က ကြီးမှူး၍ မရမ်းကုန်းမြို့နယ် သမိုင်း(၁)ရပ်ကွက် ၂လမ်း ရတနာမဉ္ဇူ ဓမ္မရိပ်သာ၌ လယ်တီမူ အနာဂါမ်ဆရာ သက်ကြီးနည်းဖြင့် မဟာသဒ္ဓမ္မဇောတိကဓဇ ဆရာကြီး ဦးသန်း(ဒလပျော်ဘွယ်ကြီး) ဦးဆောင်ကာ လစဉ် လပြည့်ကျော် ၈ရက်နေ့တိုင်း ခုနစ်ရက် ဝိပဿနာ တရားစခန်းဖွင့်မည်ဖြစ်သည်။

နှိုးဆော်ထား

တရား စခန်းဝင်လိုသူများသည် ဝါခေါင်လပြည့်ကျော်၈ရက် (ဩဂုတ် ၂၄ရက်) နံနက် ၈နာရီအရောက် အမျိုးသား မှတ်ပုံတင် ယူဆောင်၍ ရတနာမဉ္ဇူ ဓမ္မရိပ်သာသို့ လာရောက်ကြရန် အမှုဆောင်အဖွဲ့က နှိုးဆော်ထားကြောင်း သိရသည်။ (မြန်မာ့အလင်း)

ဩဂုတ် ၁၄ ရက်က ရန်ကုန်တိုင်း ကြိုးမဲ့ကြေးနန်းနှင့် ယာဉ်ထိန်းတပ်ဖွဲ့မှ ရုံးဦးစီးမှူး ဒုတိယရဲမှူးမြင့်အောင် Horizon International School မှ ကျောင်းသား ကျောင်းသူ ၁၄၆ဦးအား ယာဉ်အန္တရာယ် ကင်းရှင်းစေရေး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြော ပို့ချစဉ်။ (မြန်မာ့အလင်း)

အထက(၉)မော်လမြိုင် (ယခင်ရှင်မဟာ ဗုဒ္ဓဃောသအမျိုးသားကျောင်း) တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် ဩဂုတ် ၁၄

အထက(၉)မော်လမြိုင် (ယခင်ရှင်မဟာ ဗုဒ္ဓဃောသ အမျိုးသားကျောင်း)တွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ယခုအခါ အငြိမ်းစားယူသွားခဲ့ပြီးဖြစ်သည့် ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများနှင့် လုပ်သက်အနှစ်၂၀ နှင့်အထက်ရှိပြီး လက်ရှိတာဝန်ထမ်းဆောင်နေကြသော ဆရာ ဆရာမများအား ၂၀၀၈ခုနှစ် အောက်တိုဘာ၅ရက် (ကမ္ဘာ့ဆရာများနေ့)တွင် တတိယအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနား၌ ပူဇော်ကန်တော့ကြမည်ဖြစ်သည်။ သက်ဆိုင်ရာဆရာကြီး ဆရာမကြီးများနှင့် ကျောင်းသူ ကျောင်းသားဟောင်းများသည် ဒေါ်မြင့်မြင့်ရီ (ကျောင်းအုပ်ကြီး၊အထက-၉) ဖုန်း-၀၅၇-၂၇၀၇၀၊ ဒေါ်သီတာကြည် ဖုန်း-၀၅၇-၂၆၀၉၇၊ ဒေါ်မြမြလေး ဖုန်း- ၀၅၇-၂၂၉၄၆၊ ဦးကြည်သိန်း ဖုန်း-၀၉-၅၂၀၁၄၈၁ နှင့် မအိအိနွယ် ဖုန်း-၀၁-၂၀၀၇၄၇၊လိုင်းခွဲ-၂၀၂၇၊၀၉-၅၁၄၄၇၈၄ တို့သို့အကြောင်းကြားဆက်သွယ်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ထူးကဲဒီရေ သတိပေးချက်ထုတ်ပြန်

ရန်ကုန် ဩဂုတ် ၁၄

ဩဂုတ် ၁၇ရက်မှ ဩဂုတ် ၂၂ရက်အထိ ကာလအတွင်း ရန်ကုန်မြစ်အတွင်း အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ ၂၀ဒသမ၀၁ပေခန့်မှ ၂၀ဒသမ၉၀ ပေခန့်အထိ ထူးကဲဒီရေတက်မည်ဖြစ်ကြောင်း၊ ယခင် ၂၀၀၆-၂၀၀၇ခုနှစ်များတွင် ရန်ကုန်မြစ်အတွင်း အခြေခံ ရေစစ်မျဉ်းအထက် အမြင့်ပေ၂၁ဒသမ၇ပေခန့်အထိ တက်ခဲ့ဖူးသဖြင့် စိုးရိမ်ဖွယ်မရှိကြောင်း၊ အခြေခံရေစစ်မျဉ်းအထက် အမြင့်ပေ၂၀ ကျော်လွန်သဖြင့်သာ သတင်းထုတ်ပြန်ခြင်းဖြစ်ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်ထံမှ သိရှိရသည်။ (သတင်းစဉ်)

မြန်မာ့အလင်း မိုးလေဝသ ခန့်မှန်းချက်

သန်းသန်းနု ကိုးကားတင်ပြသည်

မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းနှင့်ကမ်းလွန်ပင်လယ်ပြင်တို့တွင် မိုးသက်လေပြင်းများကျရောက်နိုင်

ရန်ကုန် ဩဂုတ် ၁၄

ဩဂုတ် ၁၃ရက်က ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်ပါလျှင် အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်တွင် လေဆင်နှာမောင်းတိုက်ခတ်မှုဖြစ်ပေါ်ခြင်း၊ အိန္ဒိယနိုင်ငံ မွန်ဘိုင်း၌ မိုးသည်းထန်စွာ ရွာသွန်းမှုများ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရသည်။

ဩဂုတ်၁၄ရက်က မြန်မာနိုင်ငံအတွင်း ရာသီဥတုဖြစ်စဉ်ကို လေ့လာကြည့်လျှင် မန္တလေးတိုင်းတွင် နေရာကျဲကျဲမိုးရွာသွန်းခဲ့ပြီး ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မကွေးတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ် မိုးရွာသွန်းခဲ့သည်။ ရခိုင်ပြည်နယ်၊ မကွေးတိုင်းတို့တွင် နေရာကွက်၍မိုးကြီးခဲ့ပြီး ကျန်ဒေသများ၌ နေရာအနှံ့အပြား မိုးရွာသွန်းခဲ့သည်။

ဩဂုတ်၁၅ရက် **(ယနေ့)** တိုင်းနှင့်ပြည်နယ်များ၏ ရာသီဥတုဖြစ်စဉ်ကို ခန့်မှန်းရပါက ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲမိုးရွာနိုင်ပြီး ရှမ်းပြည်နယ်၊ ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်းနှင့် တနင်္သာရီတိုင်းတို့၌ နေရာစိပ်စိပ်မိုးရွာသွန်းနိုင်သည်။ ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်ပြီး ကျန်ဒေသများတွင် နေရာအနှံ့အပြား မိုးရွာသွန်းနိုင်ပြီး ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

ဩဂုတ်၁၅ရက် **(ယနေ့)** နေပြည်တော်နှင့် မန္တလေးမြို့အနီးတစ်ဝိုက်၌ နေရာကွက်ကျား မိုးရွာနိုင်ပြီး ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင်မူ မိုးတစ်ကြိမ်နှစ်ကြိမ် ရွာမည်ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ဖြစ်သည်။

မိုးသက်လေပြင်း

ကပ္ပလီပင်လယ်ပြင်တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေပြီး ဘင်္ဂလားပင်လယ်အော်၌ မုတ်သုံလေအားကောင်းနေသည်။ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင်၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်ဖြစ်ပါသည်။

ဩဂုတ်၁၄ရက်က ရွာသွန်းခဲ့သော မိုးရေချိန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

နေပြည်တော်	၀ ဒသမ ၁၂ လက်မ	ကျောက်ဖြူ	၆ ဒသမ ၇၇ လက်မ
ဥမြို့	၂ ဒသမ ၉၁ လက်မ	သံတွဲ	၂ ဒသမ ၄၈ လက်မ
ဟသ်ာတ	၂ ဒသမ ၁၆ လက်မ	ရန်ကုန်(မြို့လယ်)	၂ ဒသမ ၀၄ လက်မ

မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန

မြန်မာ့အလင်း အင်တာနက် ဖောင်ပီတ်သတင်း

တောင်ပိုင်းအော်ဆက်တီးယားပြည်နယ်ရှိ ဂိုရီမြို့မှ ရုရှားတပ်ဖွဲ့ဝင်များ ပြန်လည်ရုပ်သိမ်းနေ

ဂိုရီ ဩဂုတ် ၁၄

ရုရှားတပ်များထိန်းချုပ်ထားသည့် တောင်ပိုင်းအော်ဆက်တီးယားပြည်နယ်ရှိ ဂိုရီမြို့အား ရုရှားတပ်ဖွဲ့ဝင်များ ရုပ်သိမ်းကာ ဂျော်ဂျီယာတပ်ဖွဲ့အား ပြန်လည်လွှဲပြောင်းပေးနေပြီဖြစ်ကြောင်း ရုရှားထိပ်တန်းအရာရှိတစ်ဦးက ဩဂုတ်၁၄ရက်၌ ပြောကြားလိုက်သည်။

ပြန်လည်ရုပ်သိမ်း

ထို့အတူ ဂိုရီမြို့တွင် ဖြန့်ချထားသော လက်နက်ကြီးများနှင့် တင့်ကားများကိုလည်း ပြန်လည်ရုပ်သိမ်းနေပြီဖြစ်သည်။ ဂိုရီမြို့တည်ငြိမ်ရေးနှင့် တရားဥပဒေစိုးမိုးရေး ပြန်လည်ဖြစ်ထွန်းရန် ဂျော်ဂျီယာတပ်ဖွဲ့ဝင်များ ပြန်လည်ပြုလုပ်နေပြီဖြစ်သည်။

သို့သော်လည်း အချို့နေရာများ၌ ပေါက်ကွဲမှုများ ဖြစ်ပွားနေဆဲဖြစ်ကြောင်း ဒေသခံများက ပြောကြားသည်။ ရုရှားသမ္မတ ဒီမီထရီမက်ဗီဒက်ဗ်သည် တောင်ပိုင်း အော်ဆက်တီးယားပြည်နယ်မှ ခေါင်းဆောင်များနှင့် တွေ့ဆုံကာ လက်ရှိအခြေအနေများနှင့်ပတ်သက်၍ ရှင်းပြခဲ့သည်။

ကင်းလှည့်

လောလောဆယ်တွင်မူ တောင်ပိုင်း အော်ဆက်တီးယားပြည်နယ် အချို့ အစိတ်အပိုင်းများ၌ ရုရှားစစ်ယာဉ်များက ကင်းလှည့်မှုများ ပြုလုပ်လျက်ရှိသည်။ **(အပေါ်ပုံ)**

The Live News ဂျာနယ် အမှတ်(၉၃) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဩဂုတ် ၁၄

ယခုတစ်ပတ်ထုတ် The Live News ဂျာနယ် အမှတ်(၉၃)တွင် ဆင်ဖြူကျွန်းအောင်သိန်း၏ လွန်ခဲ့သော ၆၂နှစ်က ဖတ်စာအုပ်တစ်အုပ်၊ မြင်းမူမောင်နိုင်မိုး၏ ပြည့်စုံခြင်း၊ ဂုဏ်ရည်၊ မိတ်ဆွေနှင့် ရန်သူ၊ နီမင်းဆွေ၏ နတ်မိမယ်ရှိတဲ့ကမ္ဘာ၊ ကိုကိုလှိုင်၏ ရုရှားနှင့် ဂျော်ဂျီယာတို့တိုက်ကြပြီ၊ အာရှမိုး၏ အာဆီယံရဲ့ မိတ်ဆွေနိုင်ငံဖြစ်လာတဲ့ မြောက်ကိုရီးယား၊ မောင်မြတ်မွန်(ဆူးလေ)၏ ရန်ကုန်မြို့ကြီးရဲ့ သမိုင်းထဲက နိုင်ငံခြားအမည်ရခဲ့တဲ့ လမ်း/ရပ်ကွက်နဲ့ ပန်းခြံများ(၁)၊ နီငြိမ်း(အညာတက္ကသိုလ်)၏ တရုတ်ပြည်သစ်၏ လူမှုစီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်မှု အခြေအနေအပိုင်း(၁)၊ တက္ကစီမင်း၏ စက္ကူထရီ၊ ရန်ပုံငွေအလှူပွဲအတွက် မြဝတီမြို့သို့သွားရောက်ဖျော်ဖြေခဲ့သော အနုပညာရှင်များနှင့်တွေ့ဆုံခြင်း၊ ဆေးဖက်ဝင်သည့် နိုနီ(ခေါ်)ရဲယိုရည်များ ကမ္ဘာ့ဈေးကွက်တွင် ဈေးကောင်းလျက်ရှိ၊ မော်ရီတန်နီးယားနိုင်ငံတွင် စစ်အာဏာသိမ်းမှုဖြစ်ပွား၊ ဂျီ-၈ နိုင်ငံများထဲက အမျိုးသမီးဝန်ကြီးများ ခန့်ထားရေး ဦးစားပေးလာတဲ့ ဂျပန်၊ အသရေဖျက်မှုနဲ့ တရားရုံးမှာ ရင်ဆိုင်ဖြေရှင်းရတော့မည့် ချန်ရွှေပြန်၊ ကွန်ပျူတာချွတ်ယွင်းမှုကြောင့် နယူးယောက်လေဆိပ် ရုတ်ရုတ်သဲသဲဖြစ်ခဲ့၊ ရာဇဝင်တွင်တဲ့သူရဲကောင်း အပိုင်း(၉၅၊၉၆)၊ ပင်လယ်ပျော်မင်းသား အပိုင်း(၂၁၊၂၂)၊ ရွှေမင်းသားလေးချစ်ပုံပြင် အပိုင်း(၂၂၊၂၃)စသည့် သတင်း၊ ဆောင်းပါး၊ အားကစား၊ အနုပညာကဏ္ဍများဖြင့် ဝေဝေဆာဆာ ဖော်ပြထားသည်။

The Live News ဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်း ဖတ်ရှုသူအိမ်အရောက်ပေးပို့ရန်စီစဉ်ထားရာ လစဉ်ကြေးဖြင့် ဖတ်ရှုလိုသူများ သုံးလ ၁၃စောင် ငွေကျပ် ၅၈၅၀၊ ခြောက်လ ၂၆စောင် ငွေကျပ် ၁၁၇၀၀နှုန်းထားများဖြင့် ရွှေပြည်စိုး စာပေတိုက်၊ အမှတ် ၃၁၀၊ အခန်း ၀၀၄၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၉၈၈၂၊ ၂၂၉၈၈၅ နှင့် Market Care (Distribution Service) အမှတ်(၅၅) ပထမထပ်၊ ဝါးတန်းလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၂၂၃၉၇၃၊ ၀၉-၅၀၀ ၈၀၄၇တို့သို့ မှာယူဖတ်ရှုနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

ကျောင်းသား ကျောင်းသူကျန်းမာဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

အမျိုးသားကျန်းမာရေးအစ၊ စာသင်ကျောင်းက

နိုင်ငံအတွက် အရေးပါလှသော အင်အားစုတစ်ရပ်ဖြစ်သည့် နိုင်ငံ့ရတနာ ကျောင်းသားလူငယ်များအတွက် ဆောင်ရွက်နေသည့် ကျောင်းကျန်းမာရေး လုပ်ငန်းသည် အလွန်အရေးပါလှသည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးကလည်း ကျောင်းကျန်းမာရေးလုပ်ငန်းကို ကောင်းမွန် တိုးတက်အောင် ရင်းနှီးမြှုပ်နှံခြင်းသည် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးအတွက် စရိတ်နည်းနည်းနှင့် အကျိုးများစေသည့် လုပ်ငန်း ဖြစ်ကြောင်း၊ တစ်ကမ္ဘာလုံး၌ ကျောင်းကျန်းမာရေး အဆင့်အတန်း တိုးတက် မြင့်မားလာရေးအတွက် အဖွဲ့ဝင်အားလုံးက တူညီသောရည်မှန်းချက် လုပ်နည်း လုပ်ဟန်တို့ဖြင့် ပါဝင်ဆောင်ရွက်ကြရန် (Global School Health Initiative)ဆိုပြီး ၁၉၉၅ခုနှစ်မှ စတင်၍ လှုံ့ဆော်ဆောင်ရွက်ခဲ့ပါသည်။

ယနေ့ ကျောင်းသားလူငယ်များကို ငယ်စဉ်ကတည်းက ထိရောက်သည့် ကျောင်းကျန်းမာရေး စောင့်ရှောက်မှုနှင့် မှုမှန်သည့်ကျန်းမာရေးအလေ့အကျင့် ကောင်းများ အခြေချပေးနိုင်မှသာ တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့် အတန်း တိုးတက်မြင့်မားရေးအတွက် စိတ်အေးရမည် ဖြစ်ပါသည်။ အမျိုးသား စည်းကမ်းအစ၊ စာသင်ကျောင်းက ဆိုသကဲ့သို့ အမျိုးသားကျန်းမာရေးအစ၊ စာသင်ကျောင်းကပင် ဖြစ်ပါသည်။

ယခုအခါ အမျိုးသားကျန်းမာရေးစီမံကိန်း၊လူထုကျန်းမာရေးစောင့်ရှောက်မှု စီမံချက်တွင် တစ်ခုအပါအဝင်ဖြစ်သည့် 'ကျောင်းကျန်းမာရေးလုပ်ငန်း' စီမံချက်ဖြင့် မျိုးဆက်သစ်ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေးကို စွမ်းစွမ်းတမံ ဆောင်ရွက်လျက်ရှိပါသည်။

ထိုကဲ့သို့ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ကြီးဌာနသာမက ကျောင်းသား ကျောင်းသူများအတွက် အဓိကဌာနဖြစ်သော ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ကျောင်းကျန်းမာရေး ကော်မတီများဖြစ်သည့် ဗဟိုအဆင့် ပြည်နယ်/တိုင်းအဆင့်၊ ခရိုင်အဆင့်၊ မြို့နယ်အဆင့်နှင့် ကျောင်းအဆင့်ဟူ၍ အဆင့်ဆင့်ဖွဲ့စည်းကာ ကျောင်းကျန်းမာရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ ကျောင်းကျန်းမာရေး အဖွဲ့များ၊ မိခင်ကလေး ကျန်းမာရေးအဖွဲ့များနှင့် အခြေခံကျန်းမာရေး ဝန်ထမ်းတို့အား စဉ်ဆက်မပြတ် ကြီးကြပ်ကွပ်ကဲကာ လိုအပ်ချက်မှန်သမျှ တတ်စွမ်းသမျှ ဖြည့်ဆည်းပေးလျက်ရှိပါသည်။

တစ်ဖန် နှစ်စဉ် တိုးတက်များပြားလာသော ကျောင်းနှင့်ကျောင်းသား ဦးရေတို့အား ထိရောက်သောကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ရန်အတွက် ကျောင်းကျန်းမာရေးအဖွဲ့(၈၀)၊ မိခင်ကလေး ကျန်းမာရေးဌာန ၅၂ခုနှင့်အတူ မြို့နယ်တိုင်းတွင် မြို့နယ်ကျန်းမာရေးဦးစီးဌာန၏ ဦးဆောင်ကြီးကြပ်မှုဖြင့် အခြေခံကျန်းမာရေးဝန်ထမ်းများမှ သက်ဆိုင်ရာဒေသအလိုက်(မြို့မ/ကျေးလက်) ကျောင်းကျန်းမာရေးလုပ်ငန်းအား တစ်ပိုင်တစ်နိုင် ဆောင်ရွက်စေခြင်းဖြင့် အကောင်အထည်ဖော်လျက်ရှိပါသည်။

၂၀၀၈ခုနှစ် ကျောင်းကျန်းမာရေးသီတင်းပတ်

ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းလျက် နှစ်စဉ် ဩဂုတ်လအတွင်း ကျောင်းကျန်းမာရေးသီတင်းပတ်အဖြစ် သတ်မှတ်၍ အခြေခံပညာ ကျောင်းအလိုက် ကျန်းမာရေးလုပ်ငန်းစဉ်များကို သက်ဆိုင်ရာ ပြည်နယ်/တိုင်း၊ မြို့နယ် ကျန်းမာရေးဦးစီးဌာနများ၊ မြို့နယ်ပညာရေးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များနှင့် ဆောင်ရွက်ခဲ့ကြပါသည်။

ယခုနှစ်တွင်လည်း ကျောင်းကျန်းမာရေး သီတင်းပတ်အဖြစ် ၂၀၀၈ခုနှစ် ဩဂုတ်လ ၁၁ရက်မှ ၁၅ရက်အထိ သတ်မှတ်ကာ အခြေခံပညာကျောင်းများ တွင်ကျောင်းကျန်းမာရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်၍ ဆောင်ရွက်လျက် ရှိပါသည်။

ကျောင်းကျန်းမာရေးလုပ်ငန်း၏ရည်ရွယ်ချက်

ကျောင်းသားလူငယ်တစ်ရပ်လုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မား တိုးတက်လာစေရေးဟူသော ရည်မှန်းချက်ဖြင့် ကျန်းမာရေးဝန်ကြီးဌာနသည် ပညာရေးနှင့် နီးနွယ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ပြည်သူလူထုတစ်ရပ်လုံး၏ ကူညီပူးပေါင်းပါဝင်မှုတို့ဖြင့် အောက်ပါကျောင်း ကျန်းမာရေးလုပ်ငန်း ရည်ရွယ်ချက်များ ပေါက်မြောက်အောင် အရှိန်အဟုန်မြှင့် ၍ ဆောင်ရွက်လျက်ရှိပါသည်-

(က) ကျောင်းသားလူငယ်များ၏ ကျန်းမာကြံ့ခိုင်ရေး အဆင့်အတန်း မြင့်မား တိုးတက်လာစေရန်၊
(ခ) ကျောင်းသားလူငယ်များအား မှန်ကန်သော ကျန်းမာရေးပညာနှင့် အပြုအမူများ သိရှိနားလည်၍ ကိုယ်တိုင်ကျင့်သုံးတတ်စေရန်၊ တစ်သက်တာလုံး ကျန်းမာပျော်ရွှင်သောဘဝ(Healthy Living Life Style)ပိုင်ရှင်များ ဖြစ်လာစေရန်၊
(ဂ) ကျောင်းသားလူငယ်များတွင် တွေ့ကြုံခံစားနေရသော ရောဂါ ပြဿနာများအား စောစီးစွာ ရှာဖွေကုသပေးရန်၊
(ဃ) ကျန်းမာရေးနှင့်ညီညွတ်၍ သန့်ရှင်းသာယာသော ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်များ ဖြစ်ထွန်းလာစေရန်၊
(င) အာဟာရပြည့်ဝ၍ ကာယ၊ ဉာဏ၊ စာရိတ္တကျန်းမာကြံ့ခိုင်သော မျိုးဆက်သစ် ကျောင်းသားလူငယ်များ ဖြစ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်ပေးရန်၊
(စ) ထိရောက်အောင်မြင်သော ကျောင်းကျန်းမာရေးလုပ်ငန်းမှ တစ်ဆင့် ကလေးသူငယ်အချင်းချင်း၊ မိသားစု၊ ရပ်ရွာ၊ မြို့နယ်နှင့် တစ်မျိုး သားလုံး၏ ကျန်းမာရေးအဆင့်အတန်း မြင့်မားတိုးတက်လာစေရန်၊

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်း

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးလုပ်ငန်းဆိုသည်မှာ လူအင်အား၊ ပစ္စည်းအင်အား မည်သို့ပင်ရှိစေကာမူ မိမိ၏ကျောင်းနှင့် ကျောင်းသားကျောင်းသူ များ၊ ပညာရေးမိသားစုများ၏ ကျန်းမာရေးအဆင့်အတန်းကို အစဉ်အမြဲ တိုးတက်မြင့်မားအောင် ဆောင်ရွက်နေသောလုပ်ငန်းပင် ဖြစ်သည်။ စင်စစ် ဤလုပ်ငန်းသည် ယခင်ဆောင်ရွက်လျက်ရှိသော ကျောင်းကျန်းမာရေးလုပ်ငန်း များအား လက်ရှိအခြေအနေနှင့် ပြုပြင်ရေးဆွဲ၍ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက် ရှိသော လုပ်ငန်းတစ်ရပ်သာဖြစ်ပါသည်။ ယခုအခါ မြို့နယ်အားလုံးတွင် လွှမ်းခြုံ အကောင်အထည်ဖော်လျက် ရှိပါသည်။

ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေးစီမံချက်အရ သမားရိုးကျ ကျောင်းကျန်းမာရေးလုပ်ငန်းအား ကျောင်းသားလူငယ်များ ငယ်ရွယ်စဉ်မှ စတင်၍ မှန်ကန်သော ကျန်းမာရေး အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင် ရေးနှင့် ဘဝတစ်သက်တာလုံးအတွက်၊ ကျန်းမာရေးအလေ့အကျင့်ကောင်းများ ရရှိရေးအတွက် ကျန်းမာရေးအဆင့်မြှင့်လုပ်ငန်းစဉ်များကို ပြောင်းလဲချမှတ် ဆောင်ရွက်လျက် ရှိပါသည်။

ထို့အပြင် မြို့နယ်တိုင်းတွင်နှစ်စဉ်ကျောင်းအုပ်များအား ကျောင်းကျန်းမာရေး သင်တန်းပို့ချ၍ စာသင်နှစ်တစ်နှစ်အတွက် ကျောင်းအလိုက် လုပ်ဆောင်ရမည့် ကျောင်းကျန်းမာရေးလုပ်ငန်း စီမံချက်ရေးဆွဲ၍ အကောင်အထည်ဖော်လျက်ရှိပါ သည်။

> **ဒေါက်တာအောင်ထွဏ်း**
> **စီမံချက်မန်နေဂျာ (ကျောင်းကျန်းမာရေး)**

မြို့နယ်များရှိ ကျောင်းကျန်းမာရေးဌာန (သို့မဟုတ်) မြို့နယ်ကျန်းမာရေး ဦးစီးဌာနအောက်ရှိ အခြေခံကျန်းမာရေးဝန်ထမ်းများက ဒေသအလိုက်ကျောင်းများ သို့ ကွင်းဆင်း၍ အောက်ပါ ကျောင်းကျန်းမာရေးလုပ်ငန်းကြီး (၉)ရပ်ဖြင့် ဆောင်ရွက်လျက် ရှိပါသည်။

(၁) ကျောင်းကျန်းမာရေးပညာပေးလုပ်ငန်း
(၂) ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း
(၃) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း
(၄) ကျောင်းတွင်းအာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း
(၅) ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း
(၆) ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေး လုပ်ငန်း
(၇) နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း
(၈) သင်တန်းနှင့် သုတေသနလုပ်ငန်း
(၉) ကျောင်းအားကစားနှင့် ကာယလုပ်ငန်း

၂၀၀၈-၂၀၀၉ခုနှစ်အတွက် ကျန်းမာရေးအဆင့်မြှင့်ကျောင်း ထူထောင်ရေး လုပ်ငန်းတွင် ပါဝင်နေသည့် ဆေးလိပ်ကင်းဝေးရေးကျောင်း၊ ခြင်ကျားကင်းစင် ကျောင်း၊ အမှိုက်ကင်းစင်ကျောင်းနှင့် ကျောင်းကျန်းမာရေး စံပြကျောင်းများ ဖြစ်ထွန်းရေးလုပ်ငန်းများကို ဆရာ၊ ကျောင်းသားများနှင့်တကွ နီးနွယ်ဌာန၊ အဖွဲ့အစည်းအားလုံး လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။

သက်ဆိုင်ရာ တိုင်းကျန်းမာရေးဦးစီးဌာနမှူး၊ ဒုတိယတိုင်းကျန်းမာရေးဦးစီး ဌာနမှူးနှင့် မိခင်ကလေး ကျောင်းကျန်းမာရေး ဆရာဝန်ကြီးတို့က မြို့နယ် ကျန်းမာရေးဦးစီးဌာနမှူးများနှင့် အခြေခံကျန်းမာရေးဝန်ထမ်းများသို့ အဆင့်ဆင့် ကြီးကြပ်ကွပ်ကဲလျက် ကျောင်းကျန်းမာရေးလုပ်ငန်းများကို ထိရောက်အောင်မြင် စွာ ဆောင်ရွက်လျက်ရှိပါသည်။ နှစ်စဉ်ကျောင်းကျန်းမာရေး လုပ်ငန်းဆောင် ရွက်မှုအား မြို့နယ်၊ တိုင်းနှင့် ဗဟိုအဆင့် လူထုကျန်းမာရေး စောင့်ရှောက်မှု ဆန်းစစ်ဆွေးနွေးပွဲများနှင့်အတူ ပူးတွဲဆန်းစစ် ဆောင်ရွက်လျက်ရှိပါသည်။

ကျောင်းအဆင့်တွင် ဆရာ ဆရာမများသည် ကျန်းမာရေးအဆင့်မြှင့် ကျောင်း ထူထောင်ရေးသင်တန်းမှရရှိလာသော အသိပညာများဖြင့် အတန်းတိုင်း တွင် ကျောင်းသားသူငယ်များအား မှန်ကန်သော ကျန်းမာရေးအလေ့အကျင့် များကို ဦးစားပေး ပြုစုပျိုးထောင်ပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံ၏ အောင်မြင်စွာဆောင်ရွက်လျက်ရှိသော ကျန်းမာရေးအဆင့်မြှင့် ကျောင်းလုပ်ငန်းအား ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အစီအစဉ်ဖြင့် ၂၀၀၆ ခုနှစ် ဩဂုတ်လတွင် မော်လဒိုက်နိုင်ငံမှ ကျောင်းကျန်းမာရေး ကိုယ်စားလှယ်အဖွဲ့သည် လာရောက် လေ့လာခဲ့ကြပါသည်။

အခြားနီးနွယ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိ

ထို့ပြင် ပညာရေးစီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာနနှင့် ပူးပေါင်း၍ ကျောင်း ကျန်းမာရေးဘာသာရပ်များအား ဘဝတွက်တာကျွမ်းကျင်စရာ ဘာသာရပ် သင်ရိုးတွင် ထည့်သွင်းရာ၌လည်းကောင်း၊ သန့်လေးသန့်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်းများကိုလည်းကောင်း ပူးပေါင်းညှိနှိုင်းဆောင်ရွက်လျက် ရှိပါ သည်။

တစ်ဖန် စည်ပင်သာယာရေးဦးစီးဌာနနှင့် ပူးပေါင်း၍လည်း ကျောင်းဈေးဆိုင် နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်လျက်ရှိပါ သည်။

ထို့ပြင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း၊ မိဘ ဆရာအသင်းနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ World Vision, WFP, AMI စသည့် အစိုးရမဟုတ်သော လူမှုရေးအဖွဲ့များနှင့် WHO, UNICEF ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများကလည်း ကျောင်းကျန်းမာရေး လုပ်ငန်းစဉ်များတွင် တစ်တပ်တစ်အား ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း တွေ့နိုင်ပါသည်။

သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး၊

အေးဒီး(စ်)ခြင်ကျားကင်းစင်ကျောင်းများ ထူထောင်ပေး

အထူးတင်ပြလိုသည့်အချက်မှာ ကျောင်းသားလူငယ်များအား သွေးလွန် တုပ်ကွေးရောဂါအန္တရာယ်မှ ကင်းစေရေးအတွက် အေးဒီး(စ်)ခြင်ကျားဖြစ် စေသော ပိုးလောက်လမ်းပေါက်ပွားမှု သုတ်သင်နှိမ်နင်းရေး လုပ်ငန်းကို ကျောင်းများတွင် နှစ်စဉ်သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးစီမံချက်ရေးဆွဲ ဆောင်ရွက် အကောင်အထည်ဖော်လျက်ရှိရာမှ ယခုအခါ အရှိန်အဟုန်မြှင့်၍ အေးဒီး(စ်) ခြင်ကျားကင်းစင်ကျောင်းများ ထူထောင်ရေးစီမံချက်အား ရေးဆွဲ အကောင်အထည်ဖော်လျက်ရှိခြင်းပင် ဖြစ်သည်။

ယခုအခါ သွေးလွန်တုပ်ကွေးရောဂါသည် ချင်းပြည်နယ်မှအပ ကျန်ပြည် နယ်/ တိုင်းအားလုံးတွင် ဖြစ်ပွားလျက်ရှိသည်။ သွေးလွန်တုပ်ကွေးရောဂါသည် ကျောင်းဖွင့်စ မိုးရာသီတွင် အထူးဖြစ်ပွားလေ့ရှိပြီး တစ်နှစ်ပတ်လုံးတွင်လည်း ကျောင်း၊ ကျောင်းပတ်ဝန်းကျင်နှင့် အိမ်၊ နေအိမ်ပတ်ဝန်းကျင်တွင် အေးဒီး(စ်) ခြင်ကျားဖြစ်စေသော ပိုးလောက်လမ်းများ ပေါက်ပွားနေပါက သွေးလွန် တုပ်ကွေးရောဂါ ဖြစ်ပွားနိုင်သဖြင့် ကျောင်းသားလူငယ်များအတွင်း အန္တရာယ် ကျရောက်စေနိုင်ပါသည်။ မြန်မာနိုင်ငံတွင် သွေးလွန်တုပ်ကွေးရောဂါ ထိရောက်စွာ ကာကွယ်နိုင်ရေးအတွက် ကျောင်းတိုင်း အေးဒီး(စ်)ခြင်ကျား ကင်းစင်ကျောင်းများ ဖြစ်ပေါ်လာစေရန် ဆရာ၊ ကျောင်းသားများပါဝင်၍ တစ်နှစ်ပတ်လုံး အကောင်အထည်ဖော်သွားရမည် ဖြစ်ပါသည်။

၂၀၀၈ခုနှစ် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှု အစီအစဉ်များ

ကျောင်းကျန်းမာရေး သီတင်းပတ်ဖြစ်သော ၂၀၀၈ခုနှစ် ဩဂုတ်လ၁၁ ရက်မှ ၁၅ရက်အတွင်း ကျန်းမာရေးဝန်ကြီးဌာန လက်အောက်ရှိ ပြည်နယ်/ တိုင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနများ၊ ကျောင်းကျန်းမာရေးအဖွဲ့များ အနေဖြင့် သက်ဆိုင်ရာ ပြည်နယ် / တိုင်း၊ မြို့နယ်ပညာရေးမှူးများနှင့် ဆက်သွယ်ညှိနှိုင်း၍ ကျောင်းအုပ်စုအလိုက်၊ အခြေခံပညာကျောင်းအလိုက် အောက်ပါကျောင်းကျန်းမာရေး လုပ်ငန်းစဉ်(၅)ရပ်ကို အထူးဆောင်ရွက်လျက် ရှိပါသည်။

(က) ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေးလုပ်ငန်း၊
(ခ) ကျောင်းကျန်းမာရေးစစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်း၊
(ဂ) ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်း၊
(ဃ) ကျောင်းကျန်းမာရေးဆိုင်ရာ ပညာပေးလုပ်ငန်း၊
(င) ကျောင်းတွင်းအာဟာရ ဖွံ့ဖြိုးရေးလုပ်ငန်း၊

ကျောင်းကျန်းမာရေး စစ်ဆေးရေးနှင့် ကုသရေးလုပ်ငန်းကို ဆောင်ရွက် ရာတွင် ကျောင်းသား ကျောင်းသူတစ်ဦးချင်းအလိုက် အရပ်အမောင်းနှင့် ကိုယ်အလေးချိန်တို့ကို တိုင်းတာပြီးပါက အသက်အရွယ်အလိုက်ရှိသင့်သည့် အတိုင်းအတာထက် လျော့နည်းနေသူများအား သီးခြားအချိန်ယူ၍ အသေးစိတ် ပြန်လည်စစ်ဆေးပြီး တစ်ကိုယ်ရေသန့်ရှင်းရေး၊ ကုသရေးနှင့်ကျွေးမွေးပြုစုရေး အစီအစဉ်များကို ဆောင်ရွက်ကြပါမည်။

ထို့ပြင် အာဟာရဌာနနှင့် ပူးပေါင်း၍ UNICEF ၏ ပံ့ပိုးမှုဖြင့် ပြည်နယ်နှင့် တိုင်းအားလုံးရှိ မြို့နယ်များမှ မူလတန်းကျောင်းသား စုစုပေါင်း ငါးသန်းခန့်အား ၂၀၀၈ခုနှစ် ဇူလိုင်လမှစ၍ ကျောင်းကျန်းမာရေး သီတင်းပတ် အထိ သန်ချဆေးများ ပထမအကြိမ် ဆက်လက်တိုက်ကျွေးလျက်ရှိပါသည်။ ဤကျောင်း သန်ချဆေးတိုက်ကျွေးရေးအစီအစဉ်အား UNICEF မှ နောက် ထပ်နှစ်နှစ် ဆက်လက်ထောက်ပံ့ ကူညီပေးမည်ဖြစ်ကြောင်း သိရပါသည်။

အထူးသဖြင့် ယမန်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်မှစတင်၍ ကမ္ဘာ့ ကျန်းမာရေးအဖွဲ့၏ အထောက်အပံ့ဖြင့် ကျန်းမာရေးဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့ပူးပေါင်းကာ ကမ္ဘာလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းသား ကျန်းမာရေးသုတေသန (Global School-based student health survey)ကို ဆောင်ရွက်ခြင်း ဖြစ်ပါသည်။ အဆိုပါသုတေသန လုပ်ငန်းတွင် ရွေးချယ်ထားသည့် ပြည်နယ် / တိုင်း အသီးသီးရှိ အခြေခံပညာ ကျောင်း ၅၀ရှိ အသက် ၁၃နှစ်မှ ၁၅နှစ်အတွင်း (သတ္တမတန်းမှ ဒသမတန်း) ကျောင်းသားလူငယ်များ၏ တစ်ကိုယ်ရေသန့်ရှင်းရေး၊ အာဟာရစားသုံးမှု၊ ကိုယ်လက် လှုပ်ရှားမှု၊ အရက်၊ ဆေးလိပ်ဆေးရွက်ကြီးသုံးစွဲမှု၊ စိတ်ကျန်းမာမှု၊ ရောဂါနှင့် ဘေးအန္တရာယ်ကာကွယ်မှု အကြောင်းအရာများကို လေ့လာဆန်းစစ် မည် ဖြစ်ပါသည်။ ဤသုတေသနလုပ်ငန်းအား ၂၀၀၇-၂၀၀၈ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသအတွင်းရှိ အဖွဲ့ဝင်နိုင်ငံများတွင် တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ဤသုတေသနတွင် ကျောင်းများ ပါဝင်တုံ့ပြန်မှုနှုန်းမှာ ၁၀၀ရာခိုင်နှုန်း ဖြစ်ပြီး ကျောင်းသူ ကျောင်းသားများ ပါဝင်တုံ့ပြန်မှုနှုန်းမှာ ၉၅ရာခိုင်နှုန်း ဖြစ်ကာ စုစုပေါင်းပါဝင် တုံ့ပြန်မှုနှုန်းမှာ ၉၅ရာခိုင်နှုန်း ဖြစ်ပါသည်။ မြန်မာ နိုင်ငံ ကမ္ဘာလုံးဆိုင်ရာ ကျောင်းအခြေပြု ကျောင်းသားလူငယ်များ ကျန်းမာရေး သုတေသနတွင် ကျောင်းသူ ကျောင်းသားပေါင်း ၂၈၀၆ဦး ပါဝင်ပါသည်။ ဥပမာအားဖြင့် မြန်မာကျောင်းသား လူငယ်များအတွင်း မှုမှန်ကျန်းမာရေး အလေ့အကျင့်များ တိုးတက်လာကြောင်း အောက်ပါသုတေသနရလဒ်များက အထင်အရှား သက်သေပြလျက်ရှိပါသည်။

စာမျက်နှာ ၁၁ ကော်လံ ၁ သို့

(၁၆)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားမှု ပိုမိုတိုးတက်ဖြစ်ထွန်းစေရေး။

၃။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အခြေခံသည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရေး။

၄။ အမျိုးသားယဉ်ကျေးမှု၊ စရိုက်လက္ခဏာများကို ဆက်လက်သယ်ပိုး ထိန်းသိမ်းစောင့်ရှောက်မည့် မျိုးဆက်သစ်များ ပေါ်ထွန်းရေး။

* *ရှေ့ဖုံးမှ*

ဆက်လက်၍တိုင်းမှူး၊ဒုတိယတိုင်းမှူးနှင့် တာဝန်ရှိသူများက ၂၀၀၈ခုနှစ် တက္ကသိုလ်ဝင်တန်း စာမေးပွဲတွင် ထူးချွန်အောင်မြင်အောင်သင်ကြားပေးခဲ့သည့် ပန်ဆန်းအခြေခံပညာ အထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ငါးဘာသာ၊ လေးဘာသာနှင့်၊ သုံးဘာသာဂုဏ်ထူးတို့ဖြင့် ထူးချွန်စွာအောင်မြင်ခဲ့ကြသည့် ကျောင်းသားကျောင်းသူများအား ဂုဏ်ပြုဆုနှင့် ဂုဏ်ပြုလက်မှတ်များကို ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

အခမ်းအနားအပြီးတွင် ဗိုလ်ချုပ်မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များသည် ခန်းမအတွင်း ခင်းကျင်းပြသထားသည့် ပညာရေးဆိုင်ရာဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများ၊ သိပ္ပံပညာဆိုင်ရာ လက်တွေ့အသုံးပြုကိရိယာများနှင့် သင်ထောက်ကူပစ္စည်းများကို ကြည့်ရှုအားပေးကြသည်။

တစ်ဧကတင်း၂၅၀

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်းရယ်မြို့နယ် နောင်မိုးကျေးရွာအုပ်စု ပန်ကိုးကွင်းသို့ရောက်ရှိပြီး တောင်သူဦးရွှေလှုနှင့် ဦးလှသောင်းတို့၏ တစ်ဧကတင်း၂၅၀ထွက် ဆင်းရွှေလီ အထူးအထွက်တိုးမိုးစပါး ခြောက်ဧက စိုက်ခင်းတွင် မြေသြဇာကြဲပက်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ကြိုးစားဆောင်ရွက်

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်က တောင်သူများအနေဖြင့် ဆန်စပါးအပြင် ဆီထွက်သီးနှံများကိုလည်း အဓိကထား စိုက်ပျိုးရန်၊ ဒေသအာဏာပိုင်များနှင့် ဒေသခံပြည်သူတို့ ပူးပေါင်းပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ဆောင်ရွက်သွားကြရန်၊ မြေကို အကျိုးရှိရှိအသုံးချပြီး သီးထပ်စွမ်းအားမြင့်မားအောင်ကြိုးစားဆောင်ရွက်သွားကြရန် စသည်ဖြင့် မှာကြားသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်သည် နယ်မြေခံတပ်ရှိ ခန်းမ၌ အရာရှိ၊ အရာခံ၊ အကြပ်စစ်သည်များနှင့် မိသားစုဝင်များအား တွေ့ဆုံပြီး မိသားစုဝင်များနှင့် စာကြည့်တိုက်အတွက် ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တန့်ယန်းမြို့ သန့်ရှင်းသာယာလှပရေးဆောင်ရွက် ထားမှု၊ ဖွံ့ဖြိုးတိုးတက်မှုနှင့်တန့်ယန်းမြို့ လမ်းဘေးဝဲယာတစ်လျှောက်၌ အောင်မြင် ဖြစ်ထွန်းနေသည့် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများ၊ မိုးစပါးစိုက်ခင်းများ၊ ရာသီသီးနှံစိုက်ခင်းများနှင့် လက်ဖက်စိုက်ခင်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။

ပေးအပ်လှူဒါန်း

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တန့်ယန်းတပ်နယ် မိုင်းကောင်သို့ရောက်ရှိပြီး တပ်ရင်းခန်းမ၌ ဗိုလ်ချုပ်မင်းအောင်လှိုင်သည် အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် မိသားစုဝင်များအားတွေ့ဆုံ၍ တပ်မိသားစုဝင်များအတွက် ဗလာစာအုပ်၊ စာရေးကိရိယာများနှင့် သုတ၊ ရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် တန့်ယန်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးသို့သွားရောက် ကြည့်ရှုစစ်ဆေး၍ ဗိုလ်ချုပ်မင်းအောင်လှိုင်က သုတ၊ ရသပညာပေးစာအုပ်များကို ဒေသပြည်သူများ အမှန်တကယ်ဖတ်ရှုစေရန်နှင့် စာဖတ်သူများ တိုးတက်လာအောင် စည်းရုံးဆောင်ရွက်ရန်နှင့် ဒေသခံပြည်သူများ နေ့စဉ်ထုတ်သတင်းစာဖတ်ရှုနိုင်ရေးအတွက် ဆောင်ရွက်ပေးရန်တို့ကို မှာကြားကာ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်မှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်မင်းအောင်လှိုင်က တန့်ယန်းမြို့နယ်အတွင်းရှိ ကိုယ့်အားကိုယ်ကိုးကျေးရွာစာကြည့်တိုက်များအတွက် စာအုပ်များကို မြို့နယ်ဦးစီးမှူးထံ ပေးအပ်လှူဒါန်းသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် တန့်ယန်းမြို့နယ် ခိုယောင်းကျေးရွာအုပ်စု မိုင်တိုင်အမှတ်(၂၉)ရှိ ပတ္တမြားဥယျာဉ်ကုမ္ပဏီလီမိတက်၏ ဧက ၅၀၀ လက်ဖက်စိုက်ခင်းသို့ ရောက်ရှိပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်သည် လက်ဖက်စိုက်ခင်းအတွင်း လက်ဖက်ပင်များ စိုက်ပျိုးထားရှိမှု အခြေအနေများနှင့် အောင်မြင်ဖြစ်ထွန်းမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် ပတ္တမြားဥယျာဉ်ကုမ္ပဏီ၏ လက်ဖက်ခြောက်စက်ရုံသို့ရောက်ရှိကြရာ စက်ရုံပိုင်ရှင် ဦးသန်းဝင်းက လက်ဖက်စိုက်ပျိုးရန်လျာထားဧက၊ စိုက်ပျိုးပြီးစီးမှု၊ တိုးချဲ့စိုက်ပျိုးရန်ကျန်ဧက၊ လက်ဖက်စက်ရုံ စက်ပိုင်းဆိုင်ရာများ တစ်ဧက ပျမ်းမျှအထွက်နှုန်းနှင့် စက်ရုံလည်ပတ်မှု ကုန်ထုတ်စွမ်းအားတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် စက်ရုံအတွင်း လှည့်လည်၍ ရွက်စိမ်းအပူပေးပေါင်းအိုး၊ ကြိတ်နယ်စက်၊ အဆင့်မြင့်လက်ဖက်လှော်အိုး၊ အဆင့်မြင့်လှော်သင်းမွှေစက်နှင့် ထုပ်ပိုးမှုအခန်း၌ စက်ဖြင့်ပါကင်ထုပ်ပိုးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဒေသတွင်းလက်ဖက်တိုးချဲ့စိုက်ပျိုးရေးနှင့် ကုန်ပစ္စည်း အရည်အသွေး မြင့်မားရေးတို့အတွက် ကြိုးစားလုပ်ကိုင်ရန် မှာကြားသည်။

ဆက်လက်၍ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့်အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ လမ်းဘေးဝဲယာတစ်လျှောက်ရှိ မြေပဲ စိုက်ခင်း၊ ဆင်းရွှေလီ အထွက်ကောင်း ကြံစိုက်ခင်းနှင့် ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းများကို မော်တော်ယာဉ်များဖြင့် ကြည့်ရှုစစ်ဆေးကြပြီး မိုင်းရယ်မြို့ သစ်ခွရိပ်သာသို့ ရောက်ရှိကြသည်။

ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်မင်းအောင်လှိုင်၊ တိုင်းမှူးနှင့် အဖွဲ့ဝင်များသည် မိုင်းရယ်မြို့ သစ်ခွရိပ်သာ၌ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)မှ တိုင်းရင်းသားခေါင်းဆောင် ဦးလွယ်မောင်းနှင့် အဖွဲ့ဝင်များအား တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဆွေးနွေးမှာကြားခဲ့သည်။ **(သတင်းစဉ်)**

မြို့ပြရေပေးရေးလုပ်ငန်း ရေမီတာစနစ်တပ်ဆင်

မိုးမောက် ဩဂုတ် ၁၄

မိုးမောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ မြို့ပြရေပေးရေးလုပ်ငန်းများအတွက် တာဝန်ခံအင်ဂျင်နီယာ ဦးနူးဆောင်နှင့်ဝန်ထမ်းများက ကိုယ်ပိုင်ရေတိုင်များအား ရေမီတာစနစ် တပ်ဆင်ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးတင်မောင်ထွေးက ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

လွယ်ဂျယ်မြို့၌ ကျောက်စုဆောင်း

လွယ်ဂျယ် ဩဂုတ် ၁၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် လွယ်ဂျယ်မြို့ စည်ပင်သာယာရေးအဖွဲ့မှ ၂၀၀၈-၂၀၀၉ ဘဏ္ဍာရေးနှစ် အတွင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝဏ္ဏ ဦးဆောင်သော ဝန်ထမ်းများက ဝင်းခမ်း-ကောင်းဆာ ကျေးလက်လမ်း ကျောက်ချောခင်းရန် ကျောက်စုဆောင်းမှုကို မြို့နယ်တာဝန်ခံအရာရှိ ဦးသောင်းမြင့် ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

စာမျက်နှာ ၁၀-ဆောင်းပါးမှ

အချက်အလက်များ	စုစုပေါင်း%	ကျောင်းသား	ကျောင်းသူ
တစ်ကိုယ်ရေသန့်ရှင်းရေး			
(၁) လွန်ခဲ့သည့် ရက်ပေါင်း(၃၀) အတွင်း တစ်ရက်လျှင်တစ်ကြိမ်ပင် သွားမတိုက်သည့်ရာနှုန်း	၄.၄ ±၁.၃	၅.၈ ±၁.၇	၃.၀ ±၁.၃
(၂) လွန်ခဲ့သည့်ရက်ပေါင်း(၃၀) အတွင်း အစာမစားမီလက်ဆေးခြင်းကို လုံးဝမပြုလုပ်(သို့) ရှားရှားပါးပါးသာပြုလုပ်သည့် ရာနှုန်း	၂.၈ ±၁.၄	၄.၈ ±၂.၅	၀.၈ ±၀.၅
(၃) လွန်ခဲ့သည့်ရက်ပေါင်း(၃၀) အတွင်း အိမ်သာအသုံးပြုပြီး လက်ဆေးခြင်းကို လုံးဝမပြုလုပ်(သို့)ရှားရှားပါးပါးသာပြုလုပ်သည့်ရာနှုန်း	၃.၄ ±၁.၂	၄.၉ ±၁.၈	၁.၉ ±၀.၉

အချက်အလက်များ	စုစုပေါင်း%	ကျောင်းသား	ကျောင်းသူ
ဆေးလိပ်/အခြားဆေးရွက်ကြီးသုံးစွဲမှုအခြေအနေ			
(၄) လွန်ခဲ့သည့်ရက်ပေါင်း(၃၀) အတွင်း တစ်ရက်(သို့) တစ်ရက်နှင့်အထက် စီးကရက်သောက်သုံးခဲ့သည့်ရာနှုန်း	၂.၀ ±၀.၈	၃.၄ ±၁.၂	၀.၆ ±၀.၆
(၅) လွန်ခဲ့သည့်ရက်ပေါင်း(၃၀) အတွင်း အခြားဆေးရွက်ကြီးထွက်ပစ္စည်းတစ်မျိုးမျိုးကို တစ်ရက် (သို့)တစ်ရက်နှင့် အထက် သုံးစွဲခဲ့သည့်ရာနှုန်း	၃.၆ ±၁.၀	၅.၆ ±၁.၇	၁.၆ ±၁.၂

ကျောင်းသားလူငယ်ကျန်းမာဖို့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်စို့

သို့ဖြစ်ပါ၍ နိုင်ငံတော်အတွက် အရေးပါလှသည့် ကျောင်းကျန်းမာရေးလုပ်ငန်းစဉ်များ၊ စဉ်ဆက်မပြတ် တိုးတက်ဖွံ့ဖြိုးနေစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နီးနွယ်ဌာနများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် မိဘပြည်သူများ အားလုံးက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းလိုက်ရပါသည်။ ။

မြန်မာဇာတ်ကားသစ်များ ရုံမဝင်သေး ပြပြီး၊ ပြဆဲ နိုင်ငံခြားဇာတ်ကားများ ဆက်လက်ပြသနေ

ကိုကြီးစိုး (ရုပ်ရှင်သတင်းထောက်)

ရန်ကုန် ဩဂုတ် ၁၄

ကျော်ရုပ်ရှင်ထုတ်လုပ်ရေးမှ တင်ဆက်ပြီး ဒါရိုက်တာအောင်ဆွေမြန်မာ ရိုက်ကူးသည့် ရင်ခုန်နှင်းဆီဇာတ်ကား အဆင့်မြင့်ရုံများမှ ဆင်းသွားသော်လည်း မြန်မာဇာတ်ကားသစ်များ ရုံဝင်နိုင်ခြင်း မရှိသေး၍ ပြပြီး၊ ပြဆဲ နိုင်ငံခြားဇာတ်ကားများသာ အဆင့်မြင့်ရုံများတွင် ဆက်လက်ပြသနေဆဲဖြစ်သည်။

ဝက်ပါအချစ် ပြန်ရုံတင်

ဒါရိုက်တာသိန်းဟန်(ဖီးနစ်)ရိုက်ကူးထားပြီး မင်းမော်ကွန်း၊ နေတိုး၊ အိန္ဒြာကျော်ဇင်နှင့် သင်ဇာဝင့်ကျော်တို့ အဓိကပါဝင်ထားသော **ဝက်ပါအချစ်နှင့် သူ၏ချစ်ကိုကိုချစ်** ဇာတ်ကားမှာ မြေနီကုန်းရတနာပုံရုံတွင် ပြန်လည်ရုံဝင်လာသည်။

ကြည့်ကြရမည့် နိုင်ငံခြားကားများ

ဝဇီရာရုံတွင် 10,000 BC က မှဆိုးများနှင့် တောရိုင်း တိရစ္ဆာန်များ၏ ရင်ဆိုင်တိုက်ပွဲများကို ရိုက်ကူးထားသည့် 10,000 BC ဇာတ်ကား တစ်ကျော့ပြန်ရုံဝင်လာသည်။ တရုတ်ကွန်ဖူးမင်းသား ဂျက်လီ ပါဝင်ထားသော WAR (Rogue Assassin) အက်ရှင်ဇာတ်ကားကို သွင်အဆင့်မြင့်ရုံတွင် ကြည့်ကြရမည်ဖြစ်သည်။ မင်္ဂလာရုံတွင် အိန္ဒိယနာမည်ကြီးမင်းသား ရှာရွတ်ခန် ခေါင်းဆောင်ပါဝင်ထားသော ရုပ်ရှင်မင်းသားတစ်ဦး၏ နှစ်ဘဝကို ဇာတ်လမ်းဆင် ရိုက်ကူးထားသည့် OM SHANTI OM ဇာတ်ကား ပြန်လည်ပြသလျက်ရှိသည်။ ရွှေဆောင်ရုံတွင် လူသန်ကြီး၏အကြောင်း ရိုက်ကူးထားသည့် THE INCREDIBLE HULK ဇာတ်ကားပြသနေဆဲဖြစ်ပြီး နေပြည်တော်ရုံတွင် HANCOCK ဇာတ်ကားဖြင့် ဖျော်ဖြေနေဆဲဖြစ်သည်။

10,000 BC ဇာတ်ကားမှ တောဆင်ရိုင်းကြီးနှင့် မုဆိုးတို့၏ သေပြေးရှင်ပြေး ဇာတ်ဝင်ခန်း။



HANCOCK ဇာတ်ကားမှ လူစွမ်းကောင်း ဝီလျံစမစ်၏ သရုပ်ဆောင်ဟန်။

ကြည့်ကြရမည့် အိန္ဒိယဇာတ်ကားများ

မြို့မတန်းမြင့်ရုံတွင် ရုံဝင်လာသော ဇာတ်ကားမှာ အိန္ဒိယရာဇဝင် ASOKA ဇာတ်ကားဖြစ်သည်။ ရက်စက်သော စစ်ဘုရင်ကြီးအဖြစ်မှ ဘုရား တရား လက်ကိုင်ထားကာ ပြည်သူများအပေါ် ရင်ဝယ်သားကဲ့သို့ တရားသဖြင့် အုပ်ချုပ်ကာ မြောက်မြားစွာသော အလှူဒါနများကို ရာဇဝင်တွင်အောင် လှူဒါန်းသွားသော အာသောကမင်းကြီးအကြောင်း ရိုက်ကူးထားသည့် ဇာတ်ကားဖြစ်သည်။ ယင်းဇာတ်ကားတွင်လည်း အိန္ဒိယနာမည်ကြီး မင်းသား ရှာရွတ်ခန် ခေါင်းဆောင်ပြီး မင်းသမီး ကရီနားကပူးနှင့် သရုပ်ဆောင်ပေါင်းများစွာ ပါဝင်ထားသည်။

တစ်ကျော့ပြန်ပြသ

ဘုရင့်ရုံတွင် သွေးရင်းသားရင်း အမည်ရ JANASHEEN ဇာတ်ကားပြသနေပြီး ဆုထူးပန်ရုံတွင် အက်ရှင် DEEW ANE HUYEPAAGAL ဇာတ်ကား တစ်ကျော့ပြန် ပြသလျက်ရှိသည်။ ။ **(မြန်မာ့အလင်း)**

ဆော့ဖ်ဝဲအသစ်များ ပြသထားမည်

မြန်မာလိုသုံးတဲ့ ဆော့ဖ်ဝဲအသစ်တွေနဲ့ ဘယ်လိုဝန်ဆောင်မှုတွေ ပေးနိုင်တယ်ဆိုတာတွေ ပြသထားပါတယ်။

ကိုတင်မျိုးဟန်
ပြပွဲစီစဉ်သူ

● *ကျော်ဖုံးမှ*

အိုင်တီနည်းပညာသုံး မိုဘိုင်းလ်ဖုန်းအသစ်များ နေ့စဉ်နီးပါးခန့် ပေါ်ထွက်လာလျက်ရှိရာ မိုဘိုင်းလ်ဖုန်း သုံးစွဲသူများအတွက် မိမိအသုံးပြုလျက်ရှိသော မိုဘိုင်းလ်ဖုန်းများ၏စနစ်ကို အပြည့်အဝအသုံးချနိုင်ရန် လိုအပ်သည်။

အမျိုးအစားစုံ

"ဒီပြပွဲမှာ i Phone 3G, Sony Ericssion X1, Nokia E71 စတဲ့ ဖုန်းအသစ်တွေပြသထားတဲ့အပြင် မြန်မာလိုသုံးတဲ့ ဆော့ဖ်ဝဲအသစ်တွေနဲ့ ဘယ်လိုဝန်ဆောင်မှုတွေ ပေးနိုင်တယ်ဆိုတာတွေ ပြသထားပါတယ်။ ဒါ့အပြင် လူကြိုက်အများဆုံးဖြစ်တဲ့ Nokia 6300 (2007 ဇန်နဝါရီထုတ် 2.0 MP)တွေလည်း ပြသထားပါတယ်။ နောက်ပြီး တေးဂီတနားထောင်နိုင်တဲ့ ဖုန်းတွေဖြစ်တဲ့ Sony Ericsson W580 2.0MP(2007) တွေလည်း ပြသထားတာမို့ လာရောက်လေ့လာတဲ့သူတွေ မိုဘိုင်းလ်ဖုန်း အမျိုးအစားစုံကို တွေ့မြင်ရမှာဖြစ်ပါတယ်။ နောက်ပြီး bluetooth corner ရှိတာမို့ bluetooth ပါဝင်တဲ့ဖုန်းတွေအတွက် Ringtone နဲ့ wallpaper တွေကို ကိုယ်တိုင် အခမဲ့ထည့်သွင်းသွားလို့ရအောင်လည်း စီစဉ်ပေးထားပါတယ်"ဟု ကိုတင်မျိုးဟန်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ထုတ်ကုန်အသစ်

ပြပွဲ၌ ခင်းကျင်း ပြသထားသည့် မိုဘိုင်းလ်ဖုန်း အသစ်များနှင့် လက်ရှိအသုံးတွင်ကျယ်နေသည့် မိုဘိုင်းလ်ဖုန်းများ၊ အိုင်တီထုတ်ကုန် အသစ်များအား ခင်းကျင်းပြသထားသည်ကို တွေ့ရသည်။ အားလုံးသည် ဒီဇိုင်းပုံစံအသစ် အဆန်းများဖြစ်ပြီး ဆွဲဆောင်မှုရှိသည်ကို တွေ့ရသည်။

"ဒီပြပွဲမှာ i Phone 3G, Sony Ericssion X1, Nokia E71 စတဲ့ ဖုန်းအသစ်တွေပြသထားတဲ့အပြင် မြန်မာလိုသုံးတဲ့ ဆော့ဖ်ဝဲအသစ်တွေနဲ့ ဘယ်လိုဝန်ဆောင်မှုတွေ ပေးနိုင်တယ်ဆိုတာတွေ ပြသထားပါတယ်။ ဒါ့အပြင်လူကြိုက်အများဆုံးဖြစ်တဲ့ Nokia 6300 (2007 ဇန်နဝါရီထုတ်2.0 MP) တွေလည်း ပြသထားပါတယ်။ နောက်ပြီး တေးဂီတ နားထောင်နိုင်တဲ့ ဖုန်းတွေဖြစ်တဲ့ Sony Ericsson W580 2.0 MP (2007) တွေလည်း ပြသထားတာမို့ လာရောက် လေ့လာတဲ့သူတွေ မိုဘိုင်းလ်ဖုန်း အမျိုးအစားစုံကို တွေ့မြင်ရမှာ ဖြစ်ပါတယ်။

စွမ်းဆောင်မှုမြင့်မား

"ပြပွဲအတွင်းမှာ Wi-Fe နည်းပညာလည်း လက်တွေ့စမ်းသပ်လို့ရတယ်။ ဒါကလည်း အခမဲ့ပါပဲ။ တချို့ Wi-Fe ပါတဲ့ မိုဘိုင်းလ်ဖုန်းတွေဆိုရင် အင်တာနက်ချိတ်ဆက်အသုံးပြုလို့ ရပါတယ်။ အခုပြသထားတဲ့ မိုဘိုင်းလ်အသစ်တွေဟာ ဒီဇိုင်းပုံစံဆန်းသစ်ပြီး 3G ကွန်ရက်အတွက် အသင့်ဖြစ်နေတဲ့ ဖုန်းတွေဖြစ်ပါတယ်။ ဒီဖုန်းတွေဟာ စွမ်းဆောင်မှုမြင့်မားပြီး မာတီမီဒီယာအတွက် သတင်းအချက်အလက်တွေ သိုလှောင်သိမ်းဆည်းထားနိုင်တဲ့ ပမာဏပိုများပါတယ်"ဟု ကိုတင်မျိုးဟန်က ဆက်လက်ရှင်းပြသည်။

"ဒီပြပွဲမှာတော့ အပိုင်းသုံးပိုင်းပြသထားတယ်လို့ ဆိုရမှာပါပဲ။ ပထမပိုင်းကတော့ မိုဘိုင်းလ်ဖုန်းတွေဖြစ်ပါတယ်။ ACE, Mobilemate,Nokia နဲ့ ant အမျိုးအစားတွေကို ပြသထားပြီး ဒုတိယပိုင်းအနေနဲ့ကတော့ ဆော့ဖ်ဝဲနဲ့ဝန်ဆောင်မှုအပိုင်းဖြစ်ပါတယ်။ ဒါတွေကို SM³, eTrade လုပ်ငန်းတွေက ပြသပေးသွားမှာပါ။ တတိယအပိုင်းကတော့ လာရောက်လေ့လာဝယ်ယူသူများအတွက် မိုဘိုင်းလ်ဖုန်းနည်းပညာတွေကို လက်တွေ့အခမဲ့ လွတ်လပ်စွာ အသုံးပြုနိုင်အောင် စီစဉ်ပေးထားတယ်။ ဒါ့အပြင် ပြပွဲလာသူတွေအတွက် Nokia 6300 မိုဘိုင်းလ်ဖုန်းကို ကံစမ်းမဲရယူခွင့်ရှိပါတယ်။ အဲဒီကံစမ်းမဲကို ပြပွဲပြီးသွားတာနဲ့ သီးသန့်အစီအစဉ်တစ်ရပ်အနေနဲ့ ဖွင့်လှစ်ပေးသွားမှာ ဖြစ်ပါတယ်"ဟု ကိုတင်မျိုးဟန်က မြန်မာ့အလင်းသို့ ရှင်းပြသည်။

ခန့်မှန်းပွဲ

ပြပွဲ၌ မိုဘိုင်းလ်ဖုန်းများနှင့် ဆက်စပ်ပစ္စည်းကိရိယာများ၊ သတင်းတို (**SMS**) ဝန်ဆောင်မှုစနစ်များ၊ မိုဘိုင်းလ်ဖုန်းသုံး မြန်မာစာစနစ်နှင့် ဆော့ဖ်ဝဲစနစ်များ၊ Java နှင့် Symbian အသုံးချဆော့ဖ်ဝဲများ ပါဝင်ပြသထားသည်။ ထို့အပြင် ပြပွဲလာသူများအတွက် ဩဂုတ် ၁၅ရက်၌ SM³ မီနီကိတ်ပါတီ၊ ဩဂုတ် ၁၆ရက်တွင် Mobilemate ဖုန်းမိတ်ဆက်ပွဲနှင့် နေ့စဉ် eTrade မှ ပရီမီယာလိဂ်ဘောလုံး ခန့်မှန်းပွဲများလည်း ထည့်သွင်းထားရာ ပြပွဲလာသူများ ပါဝင်ဆင်နွှဲနိုင်ကြသည်။

ထို့ကြောင့် မိုဘိုင်းလ်ဖုန်းများနှင့် ပတ်သက်သည့် အသိပညာဗဟုသုတများပေးနိုင်သည့် **"၂၀၀၈ခုနှစ် မိုဘိုင်းလ်ဖုန်းနှင့် နည်းပညာပြပွဲ"**သို့ သွားရောက်လေ့လာသင့်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။ ။ **(မြန်မာ့အလင်း)**

ဖောက်ထွင်းခိုးယူခံရသည့်အမှုများမှ သက်သေခံပစ္စည်းများ မူလပိုင်ရှင်များထံပြန်လည်ပေးအပ်

ရန်ကုန် ဩဂုတ် ၁၄

ရန်ကုန်တိုင်းအတွင်း ဖြစ်ပွားခဲ့သော ခိုးမှုများမှ တရားခံများကို ဖမ်းဆီးဖော်ထုတ်နိုင်ရေးအတွက် ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ ခိုးမှုဖြစ်ပွားနိုင်သည့် နေရာများ၌ ကြိုတင်ပြင်ဆင်မှုများပြုလုပ်၍ ဖမ်းဆီးမှုပြုလုပ်ခဲ့ရာ ဇူလိုင် ၁၁ရက်တွင် ဖောက်ထွင်းမှုကျူးလွန်သူ အောင်ခင် (ခ)သိန်းဇော်(၆၀)နှစ် (ဘ)ဦးမောင်စိန်၊ ချယ်ရီလမ်း၊ (၃)ရပ်ကွက် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ်နေသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရှိရသည်။

ဖမ်းဆီးရမိသူ ဖောက်ထွင်းတရားခံ အောင်ခင်(ခ)သိန်းဇော်မှာ ရန်ကုန်တိုင်းအတွင်း မြို့နယ် ၁၃မြို့နယ်၌ ဖောက်ထွင်းမှု ၄၂မှု ကျူးလွန်ခဲ့ပြီး သက်သေခံပစ္စည်းများကို ပြန်လည်သိမ်းဆည်း၍ မူလပိုင်ရှင်များထံပေးအပ်ပွဲကို ယနေ့မွန်းလွဲ ၂နာရီက ကျောက်တံတားမြို့နယ် ဘဏ်လမ်းရှိ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်က အမှာစကား ပြောကြားပြီး သိမ်းဆည်းရမိသော သက်သေခံပစ္စည်းများကို တိုင်းရဲတပ်ဖွဲ့မှူး၊ တိုင်းဥပဒေအရာရှိ ဒုတိယတိုင်းရဲတပ်ဖွဲ့မှူးနှင့် ခရိုင်ရဲတပ်ဖွဲ့မှူးတို့က မူလပစ္စည်းပိုင်ရှင်တစ်ဦးချင်းထံ ပြန်လည်ပေးအပ်သည်။ **(အောက်ပုံ)**

ဆက်လက်၍ ပစ္စည်းပိုင်ရှင်များကိုယ်စား ပစ္စည်းပိုင်ရှင် တာမွေမြို့နယ် ၁၆၄ လမ်းနေ ဒေါ်သန်းရီက ကျေးဇူးတင်စကားပြန်လည်ပြောကြားသည်။

ယနေ့ ရန်ကုန်တိုင်းရဲတပ်ဖွဲ့မှ မူလပစ္စည်းပိုင်ရှင်များထံ ပြန်လည်ပေးအပ်ခဲ့သော အမှု၂၅မှုမှ ပစ္စည်းများမှာ ရွှေနှစ်ပိဿာ ၃၇ကျပ်သားနှစ်ရွေး၊ စိန်အကြီးသုံးပွင့်၊ အသေး၂၆ပွင့်၊ နာရီခြောက်လုံး၊ စိန်နားကွင်းတစ်ရန်၊ လှော်ကပ်တစ်ခု၊ စိန်ဟန်းချိန်းတစ်ခု၊ ပတ္တမြားဆွဲသီးတစ်ခု၊ အမေရိကန်ဒေါ်လာ ၂၆၀၀၊ FEC ၃၀၀၊ ယူရို ၁၈၅၊ ယွမ် ၃၅၀၀၀တို့ဖြစ်ပြီး တန်ဖိုးမှာ ကျပ် ၁၆၃၂သိန်း ကျော်ခန့်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

၂၀၀၈-၂၀၀၉ ပရီမီယာလိဂ်ဘောလုံးရာသီအဖွင့် သုံးမှတ်ယူမယ့်မန်ယူ၊ ဂိုးဈေးဦးပေါက်မယ့်ချယ်လ်ဆီး

လန်ဒန် ဩဂုတ် ၁၄

၂၀၀၈-၂၀၀၉ ပရီမီယာလိဂ် ဘောလုံးရာသီရဲ့ ကန့်လန့်ကာကို ဩဂုတ်၁၆ရက်မှာ စတင်ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ ဒီနှစ် ပရီမီယာလိဂ်မှာတော့ အလယ်အလတ်ရှိတဲ့ အသင်းတွေကလည်း ပြင်ဆင်မှု၊ ဘောလုံးသမားအသစ်ဖြည့်ဆည်းမှုတွေကို အင်နဲ့ အားနဲ့ လုပ်ဆောင်နေကြတာမို့ ရာသီမစခင်ကတည်းက ပရီမီယာလိဂ်က ရင်ခုန်လှုပ်ရှားစရာကောင်းနေတာမို့ ဖွင့်လှစ်တော့မယ့် ပရီမီယာလိဂ် ကန့်လန့်ကာရဲ့ နောက်ကွယ်အနေအထားကို အကဲခပ်ကြည့်လိုက်တဲ့ အခါ---

မန်ယူအတွက် နာနီ ဂိုးသွင်းပေးနိုင်မလား။

မန်ယူနှင့်နယူးကာဆယ်

ဒီနှစ်ဘောလုံးသမားအသစ် ဖြည့်ဆည်းမှုမှာ ဟန်ရေးပဲပြနေပြီး လက်တွေ့မှာ ထိရောက်တဲ့ ဘောလုံးသမားမျိုးတွေမခေါ်သေးတဲ့ လက်ရှိချန်ပီယံ မန်ယူဟာ ရာသီအကြိုခြေစမ်းပွဲတွေမှာ ခြေစွမ်းတွေတော့ ပြနိုင်ခဲ့ပါတယ်။ ကွန်မြူနတီဒိုင်းကို ရာသီအဖွင့် လက်ဆောင်အဖြစ် ဆောင်ကြဉ်းနိုင်ခဲ့ပြီးနောက် ပရီမီယာလိဂ် စာမျက်နှာမှာ ပထမဆုံး နယူးကာဆယ်နဲ့ တွေ့ခြင်းဖြစ်ပါတယ်။ ဒီပွဲမှာ ဖာဒီနန်၊ ရွန်နေ၊ စီရိနယ်ဒိုနှင့် ဆာဟာတို့ ကြံ့ခိုင်မှုမရှိလို့ ပါဝင်နိုင်ဖွယ်မရှိပါဘူး။ မန်ယူကနေပြီး ဒီနှစ်မှာ ပီကေး၊ အီးဂဲလ်နဲ့ ဆမ်ဆန်တို့ ထွက်ခွာသွားကြပေမယ့် မန်ယူဟာ ဟန်မပျက်နိုင်ပွဲဆက်နိုင်မှာပါ။ ခြေစမ်းပွဲတွေမှာ မန်ယူလူငယ်တွေဖြစ်တဲ့ နာနီ၊ လီမာတင်နဲ့ကမ်းဘဲလ်တို့ ခြေစွမ်းတွေ ပြနိုင်ခဲ့တာမို့ ဖာဂူဆန်အတွက် အားတက်စရာဖြစ်နေပါတယ်။ နယူးကာဆယ်မှာတော့ ဗီဒူကာနဲ့ ကာရီးလ်တို့ပါဝင်နိုင်ဖွယ်မရှိပါဘူး။ မနှစ်က မန်ယူကွင်းမှာ နယူးကာဆယ်ကို ခြောက်ဂိုးပြတ်သွင်းပြီး အနိုင်ယူထားတာမို့ ဒီပွဲမှာ နယူးကာဆယ်တို့သွေးပျက်နေမှာအမှန်ပါပဲ။ မန်ယူတို့ ပွဲဦးထွက် သုံးမှတ်အပြည့်ယူပြီး ပရီမီယာလိဂ် ကန့်လန့်ကာကို ခပ်ကြမ်းကြမ်းဆွဲဖွင့်ပါလိမ့်မယ်။

ချယ်လ်ဆီးနှင့်ပို့စ်မောက်

ဘင်ဟိန်း၊ ဘီလာရစ်၊ ခရက်စပို၊ မက်ခီလီလီ၊ ဆစ်ဝဲလ်နဲ့ ဘင်ဆာဟာတို့ အသင်းက ထွက်ခွာသွားကြပေမယ့် လက်တွေ့မှာ အသုံးဝင်တဲ့ ပေါ်တိုက ဘိုစင်ဝါနဲ့ ဘာစီလိုနာကဒေကိုတို့ကို ခေါ်ယူနိုင်ခဲ့တဲ့ ချယ်လ်ဆီးဟာ အင်အားတောင့်တင်းဆဲပါပဲ။ အေစီမီလန်လိုအသင်းကို ငါးဂိုးပြတ်နဲ့ အနိုင်ရအောင်ကစားခဲ့တဲ့ ခြေစွမ်းကတော့ ချီးကျူးစရာပါပဲ။ အနယ်လ်ကာ၊ လမ်းပတ်၊ တယ်ရီ၊ ဒရော့ဘာတို့က ဝါရင့် သမ္မာရင့်တွေမို့ ပို့စ်မောက်တို့ သိပ်မလွယ်ပါဘူး။ ဒါပေမယ့် ဒီပွဲမှာ ကာလူး၊ ဘိုစင်ဝါနဲ့ ဒရော့ဘာတို့ ပါဝင်နိုင်ဖွယ် မရှိတာမို့ တယ်ရီတို့အုပ်စု အားထည့်ကစားမှရမှာပါ။ ပို့စ်မောက်ကလည်း ဒီနှစ်မှာ ပီတာခရော့ချ်နဲ့

ချယ်လ်ဆီး၏ အဓိက ကစားသမား တယ်ရီ။

လီတဲလ်တို့ကို အားဖြည့်ထားတာမို့ လျှော့တွက်လို့တော့မရပါဘူး။ အိမ်ကွင်းမှာ ချယ်လ်ဆီးတို့ ပွဲဦးထွက် ဂိုးဈေးဦးပေါက်မှာ သေချာပါတယ်။

အာဆင်နယ်နှင့် ဝက်စ်ဘရွန်း

ဘစ်ချော့ဖ်၊ နာဆရီ၊ ဗယ်လာနဲ့ရမ်ဆေးလ် တို့လို ကစားသမားအသစ်တွေ အားဖြည့်ထားတာမို့ ဖလာမီနီ၊ လေမန်း၊ လက်ဘ်၊ ဂီလ်ဘာ တို့လို ဘောလုံးသမားတွေ ထွက်ခွာသွားပေမယ့် အာစင်ဝင်းဂါးအတွက် တုန်လှုပ်စရာအကြောင်းမရှိပါဘူး။ ဒီနှစ် ပရီမီယာလိဂ်ဖလား ရအောင်ယူမယ်လို့ ကြုံးဝါးနေပြန်တဲ့ အာစင်ဝင်းဂါးကတော့ ပြိုင်ဘက်တွေ မနှစ်ကထက်ပိုများပေမယ့် မိမိတို့ရင်ဆိုင်ဖို့ အသင့်ဖြစ်နေပါတယ်လို့တော့ ဆိုနေပါတယ်။ အာဆင်နယ်မှာ ဝေါလ်ရှိုင်းယား၊ ရမ်ဆေးနဲ့ ဒီနယ်ဆမ်တို့လို လူငယ်တွေကလည်း ခြေစွမ်းတက်စအချိန်မို့ အာစင်ဝင်းဂါး ဘယ်လိုထိန်းချုပ်ညွှန်ကြားပြီး ဗျူဟာခင်းကျင်းသွားမလဲဆိုတာ စောင့်ကြည့်ရမှာပါပဲ။ ဒီပွဲမှာ အာဆင်နယ်အတွက် ရိုဆစ်စကီးနဲ့ ဒါးဆေးလ်ဗားတို့ ပါဝင်နိုင်ဖွယ်မရှိပါဘူး။ ဝက်စ်ဘရွန်းကတော့ ကာဆန်၊ ဘီတီ၊ ဆက်ချ်နဲ့ လုပ်ခ်မိုးတို့လို ကစားသမားအသစ်တွေ အားဖြည့်ထားပေမယ့် ဒီပွဲမှာ ဂိုးမပြတ်နိုင်အောင်ပဲ ဂရုစိုက်ရမှာ ဖြစ်ပါတယ်။ ဝက်စ်ဘရွန်းတို့ ရာသီအစမှာ မျက်နှာပန်းလှစရာအကြောင်း မမြင်ပါဘူး။

ဆန်းဒါးလန်းနှင့် လီဗာပူး

ရော်ဘီကိန်းကို ခေါ်ယူထားနိုင်တဲ့အပြင် ကာဘာလီလီ၊ ဒီဂန်၊ မန်ဒီနဲ့ ဒေ့ါဆန်နာ တို့လို ကစားသမားတွေနဲ့ အားဖြည့်ထားတဲ့ လီဗာပူးဟာ ရာသီအကြိုခြေစမ်းပွဲတွေမှာတော့ ဘင်နီတက်ဇ် စိတ်ကျေနပ်စရာတွေ ဖြစ်နေခဲ့ပါတယ်။ ဆန်းဒါးလန်းကတော့ ဒီနှစ်မှာ ဒီအော့ဖ်၊ တိုင်နီယို၊ ချမ်ဘွန်ဒါနဲ့ မဲလ်ဘရန့် တို့ကို ခပ်သွက်သွက် ခေါ်ယူ အားဖြည့်ထားတာမို့ လီဗာပူးကို ဒီနှစ် တာအထွက်ပွဲမှာ ခံကစားမှာ သေချာပါတယ်။ ဒါပေမယ့် ရိန်းဂျားလိုအသင်းမျိုးကို ဂိုးပြတ်သွင်းအနိုင်ယူထားတဲ့ လီဗာပူးရဲ့ခြေစွမ်းက ဆန်းဒါးလန်းကို သူ့ကွင်းမှာပဲ မျက်နှာသာပေးမှာ မဟုတ်ပါဘူး။ ရာသီအစမှာ အောင်ပွဲဆင်ပြီး ပြိုင်ဘက်တွေကို ခြိမ်းခြောက်နိုင်ဖို့လိုအပ်တဲ့အတွက် လီဗာပူးတို့ အနိုင်ကစားမယ်လို့ မှန်းဆရပါတယ်။

မစ်ဒယ်ဘရော့နှင့် စပါး

ချမ်ဘွန်ဒါ၊ ဂတ်ဒနာ၊ ရော်ဘီကိန်း၊ မဲလ်ဘရန့်၊ ရော်ဘင်ဆင်နဲ့ တိုင်နီယိုတို့လို ကစားသမားတွေ အစုအပြုံလိုက်ထွက်သွားတဲ့ စပါးဟာ ဘန့်တလေ၊ ဒေ့ါဆန်းတော့စ်၊ ဂိုမက်စ်နဲ့ မိုဒရစ်တို့လို ကစားသမားကောင်းတွေနဲ့ အားဖြည့်ထားတာမို့ ဟန်ချက်ကတော့ ပျက်မသွားပါဘူး။ ရာသီအကြိုခြေစမ်းပွဲတွေမှာ ပွဲတိုင်းအနိုင်ယူထားနိုင်ပါတယ်။ သွန်မဆင်၊ ဘိုတန်နဲ့ ရိုစင်ဘတ်တို့ထွက်သွားတဲ့ မစ်ဒယ်ဘရော့ရဲ့ ခြေစွမ်းကတော့ သိပ်အားရစရာ မရှိပါဘူး။ ဒါပေမယ့် မနှစ်က မစ်ဒယ်ဘရော့ကွင်းမှာ တစ်ဂိုးစီဖြစ်ခဲ့တဲ့ ရလဒ်ကလည်းရှိနေတော့ စပါးတို့ညစ်ကစားမှ တန်ကာကျပါလိမ့်မယ်။

ဒီလိုပါပဲ အဲဗာတန်နဲ့ဘလက်ဘန်းပွဲကလည်း ခြေရည်တူ နေပါတယ်။ အဲဗာတန်မှာ ဟစ်ဘတ်နဲ့ ကာဟေးလ်တို့ ကြံ့ခိုင်မှုမရှိလို့ ဒီပွဲမှာ ပါနိုင်ဖွယ်မရှိတာမို့ ဘလက်ဘန်းတို့ အားထည့်ရပါလိမ့်မယ်။ ဒီပွဲဟာ တစ်မှတ်စီခွဲယူရမယ့် အနေအထားပါပဲ။ ဘော်လ်တန်နဲ့ စတုတ်တို့ပွဲကတော့ အိမ်ကွင်းမှာ ဘော်လ်တန်တို့ မျက်နှာသစ်ဆီက အမှတ်ပြည့်ယူမှာ သေချာပါတယ်။ ဟူးလ်စီတီးနဲ့ ဖူလ်ဟမ်တို့ ပွဲကတော့ ဖူလ်ဟမ်တို့ပဲ အဝေးကွင်းမှာ အနိုင်ယူသွားမယ်လို့ ယူဆပါတယ်။ ဝက်စ်ဟမ်းနဲ့ ဝီဂန်တို့ကတော့ ကြည့်ကောင်းမယ့်ပွဲပါ။ နှစ်သင်းစလုံး ခြေညီနေတာမို့ သရေပွဲ ဖြစ်သွားနိုင်ပါတယ်။ ဗီလာနဲ့ မန်စီးတီးကတော့ အကြိတ်အနယ်ပွဲပါပဲ။ မနှစ်က တစ်ဂိုးစီသရေပွဲ ဖြစ်ထားတာမို့ ဒီပွဲမှာလည်း ရလဒ်တူပဲ ထွက်လာလိမ့်မယ်လို့ ယူဆပါတယ်။ ။ **(မြန်မာ့အလင်း)**

လီဗာပူး၏ အဓိက စွမ်းအားရှင် ဂျရတ်။

စုစည်းတင်ပြသူ - မောင်ချစ်ကြည်
စာမျက်နှာဖွဲ့စည်းမှု - ဝင်းချို

ပဲခူးမြစ်ရေနှင့် ရွှေကျင်မြစ်ရေ အခြေအနေ

ရန်ကုန် ဩဂုတ် ၁၄

ပဲခူးမြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲအချိန် တိုင်းထွာချက်အရ ပဲခူးမြို့တွင် ၉၂၅ စင်တီမီတာ သို့ရောက်ရှိနေပြီး စိုးရိမ်ရေမှတ်အထက် ၁၅စင်တီမီတာ ဝ ဒသမ ၅ ပေခန့်ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၉၁၀ အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

ရွှေကျင်မြစ်ရေသည် ယနေ့နံနက် မြန်မာစံတော်ချိန် ၁၁နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြို့တွင် ၇၀၅စင်တီမီတာသို့ရောက်နေပြီး စိုးရိမ်ရေမှတ်အထက် ၅စင်တီမီတာကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် စင်တီမီတာ၇၀၀ အောက်သို့ကျဆင်းနိုင်ကြောင်း မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်သည်။

(သတင်းစဉ်)

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော် ဆက်လက်ဆင်နွှဲ

အိမ်ရှင်တရုတ်အားကစားသမားတို့ ရွှေအများဆုံးဖြင့် ဦးဆောင်ဆဲ

မောင်မောင်မြင့်ဆွေ ရေးသားသည် (ကိုးကား - ဆင်ဟွာသတင်းအချက်အလက်များ)
စာမျက်နှာဖွဲ့စည်းမှု - တိုးလွင်(မြန်မာ့အလင်း)

ကနူးလှေလှော်ပြိုင်ပွဲ၌ ဆလိုဗက်ကီးယားမှ မိုက်ကယ် မာတီကန် ဤသို့ယှဉ်ပြိုင်ပြီး ရွှေတံဆိပ်ဆွတ်ခူးခဲ့သည်။

ပေကျင်း ဩဂုတ် ၁၄

၂၀၀၈ ပေကျင်းအိုလံပစ်ပွဲတော်ကို ဆက်လက်ဆင်နွှဲလျက်ရှိရာ နိုင်ငံအသီးသီးမှ အားကစားမောင်မယ်များ ရွှေတံဆိပ်ဆုများ ရယူနိုင်ရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်လျက်ရှိသည်။ အိုလံပစ်အားကစားပြိုင်ပွဲတွင် ဩဂုတ် ၁၄ရက်၌ ရွှေတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့သည့် အားကစားသမားအချို့ကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါသည်-

ရွှေတံဆိပ်ဆွတ်ခူးခဲ့သော တရုတ် မြားပစ်မယ် ကျန်ဂျန်ဂျန်၏ ပြိုင်ပွဲဝင်ပစ်ခတ်ဟန်။

ကနူးလှေလှော်

ကနူးလှေလှော်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ အမျိုးသားတစ်ဦးချင်း ကနူးလှေလှော်ပြိုင်ပွဲ၌ ဆလိုဗက်ကီးယား လှေလှော်ကစားသမား မိုက်ကယ်မာတီကန်က ၁၇၆ ဒသမ ၆၅ မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ဗြိတိသျှ လှေလှော်ကစားသမား ဒေးဗစ်ဖလောရင့်က ၁၇၈ ဒသမ ၆၁ မှတ်ဖြင့် ငွေတံဆိပ်ရရှိပြီး ဩစတြေးလျမှ ကနူးလှေလှော်ကစားသမား ရိုဘင်ဘယ်လ်က ၁၈၀ ဒသမ ၅၉ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။

သေနတ်ပစ်

အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အီတလီမှချီရာကိုင်နီရိုက ရွှေတံဆိပ်ဆွတ်ခူးရရှိပြီး အမေရိကန်မှ ကမ်ဘာလီရိုဒီက ငွေတံဆိပ်ရရှိကာ ဂျာမနီမှ ခရစ္စတင်းဘရင်ကာက ကြေးတံဆိပ်ရရှိခဲ့သည်။

အမျိုးသမီး သေနတ်ပစ်ပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့သည့် အီတလီမှ ချီရာကိုင်နီရိုနှင့် ဆုတံဆိပ်။

အမျိုးသမီး မီတာ ၅၀ ပစ္စတိုပစ် ပြိုင်ပွဲတွင် တရုတ်မှ ဒူလီက ၆၉၀ ဒသမ ၃ မှတ်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးရရှိခဲ့ပြီး ချက်သမ္မတနိုင်ငံမှ အမ်မွန်းစ်က ၆၈၇ဒသမ ၇မှတ်ဖြင့် ငွေတံဆိပ်ရရှိခဲ့ပြီး ကျူးဘား သေနတ်ပစ်မယ် ယေမာခရုဇ်က ၆၈၇ ဒသမ ၆ မှတ်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ရေကူး

အမျိုးသား မီတာ၁၀၀ တစ်ဦးချင်း စိတ်ကြိုက်ရေကူးပြိုင်ပွဲတွင် ပြင်သစ် ရေကူးသမား အလန်ဘားနတ်က ၄၇ ဒသမ ၂၁ စက္ကန့်ဖြင့် ရွှေတံဆိပ် ဆွတ်ခူးသွားသည်။ ဩစတြေးလျ ရေကူးသမား အီမွန်ဆူလီဗင်က ၄၇ ဒသမ ၃၂ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိပြီး အမေရိကန်မှ ဂျာဆန်လီဇက်က ၄၇ ဒသမ ၆၇ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ရွှေတံဆိပ်ဆွတ်ခူး

အမျိုးသမီး မီတာ ၂၀၀ လိပ်ပြာကူးပြိုင်ပွဲတွင် တရုတ်ရေကူးမယ် လူဇီဂီက ၂ မိနစ် ၄ ဒသမ ၁၈ စက္ကန့်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးခဲ့သည့်အပြင် တရုတ်ရေကူးမယ် ကျောင်လူယန်က ၂ မိနစ် ၀၄ ဒသမ ၇၂ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိခဲ့သည်။ ဩစတြေးလျ ရေကူးမယ် အက်ရှီပါက ၂ မိနစ် ၈၆ ဒသမ ၂၆ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

ကျွမ်းဘား

အမျိုးသား ကျွမ်းဘားပြိုင်ပွဲများကို ဆက်လက်ကျင်းပရာ တရုတ် ကျွမ်းဘားကစားသမား ယန်ဝေက ၉၄ ဒသမ ၅၇၅ မှတ်ဖြင့် ရွှေတံဆိပ်ဆွတ်ခူးသွားသည်။ ဂျပန် ကျွမ်းဘားကစားသမား အူချီမူရာကိုဟေက ၉၁ ဒသမ ၉၇၅ စက္ကန့်ဖြင့် ငွေတံဆိပ်ရရှိကာ ပြင်သစ် ကျွမ်းဘားကစားသမား ကာရာနိုဘီက ၉၁ ဒသမ ၉၂၅ စက္ကန့်ဖြင့် ကြေးတံဆိပ်ရရှိခဲ့သည်။

မြားပစ်

အမျိုးသမီး မြားပစ်ပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဆက်လက်ကျင်းပရာ တရုတ် မြားပစ်မယ် ကျန်ဂျန်ဂျန်က အမှတ် ၁၁၀ ဖြင့် ရွှေတံဆိပ် ဆွတ်ခူးရရှိသွားပြီး တောင်ကိုရီးယားမှ ပက်ဆောင်ဟွန်က ၁၀၉ မှတ်ဖြင့် ငွေတံဆိပ် ရရှိခဲ့သည်။ မြောက်ကိုရီးယားမှ မြားပစ်မယ် ယန်အွတ်ဟီးက ၁၀၆ မှတ်ဖြင့် ကြေးတံဆိပ်ရရှိသည်။

နပန်း

အမျိုးသား ၈၄ ကီလိုတန်း နပန်းပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲတွင် အီတလီမှ မင်ဂူဇီက ရွှေတံဆိပ်ဆွတ်ခူးပြီး ဟွန်ဒူးရပ်စ်မှ ဗိုလ်တန်ဖိုဒေါက ငွေတံဆိပ်ရရှိကာ ဆွီဒင်နပန်းသမား အက်ဘရာဟာမန်းက ကြေးတံဆိပ် ဆွတ်ခူးခဲ့သည်။ ။

အမျိုးသား မီတာ ၁၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲ၌ ရွှေတံဆိပ်ရရှိခဲ့သည့် ပြင်သစ် ရေကူးသမား အလန်ဘားနတ်၏ အောင်မြင်မှုအပြုံး။

ပေကျင်းအိုလံပစ် နိုင်ငံအလိုက် ဆုရရှိမှုအနေအထား

ဩဂုတ် ၁၄ ရက် မြန်မာစံတော်ချိန် (ည -၁၀ နာရီအထိ)

စဉ်	နိုင်ငံ	ရွှေ	ငွေ	ကြေး	စုစုပေါင်း
၁	တရုတ်	၂၂	၈	၅	၃၅
၂	အမေရိကန်	၁၀	၉	၁၅	၃၄
၃	ဂျာမနီ	၇	၂	၃	၁၂
၄	တောင်ကိုရီးယား	၆	၇	၃	၁၆
၅	အီတလီ	၆	၄	၃	၁၃
၆	ဩစတြေးလျ	၅	၄	၇	၁၆
၇	ဂျပန်	၅	၃	၃	၁၁
၈	ရုရှား	၃	၈	၃	၁၄
၉	ပြင်သစ်	၂	၇	၆	၁၅
၁၀	ဗြိတိန်	၂	၂	၃	၇
၁၁	ချက်	၂	၁	-	၃
၁၂	ဂျော်ဂျီယာ	၂	-	၁	၃
၁၃	ကျူးဘား	၁	၃	၂	၆
၁၄	နယ်သာလန်	၁	၂	၄	၇
၁၅	မြောက်ကိုရီးယား	၁	၂	၄	၇
၁၆	အဇာဘိုင်ဂျန်	၁	၂	၁	၄
၁၇	ရိုမေးနီးယား	၁	၁	၂	၄
၁၈	မွန်ဂိုလီးယား	၁	၁	-	၂
၁၉	ဆလိုဗက်ကီးယား	၁	၁	-	၂
၂၀	ယူကရိန်း	၁	-	၄	၅
၂၁	ဆွစ်ဇာလန်	၁	-	၃	၄
၂၂	စပိန်	၁	-	၁	၂
၂၃	ဖင်လန်	၁	-	၁	၂
၂၄	အိန္ဒိယ	၁	-	-	၁
၂၅	ထိုင်း	၁	-	-	၁

ရွှေကျွမ်းဘား

ကျွမ်းဘားဖြင့် ရွှေတံဆိပ်ရယူနိုင်ခဲ့သည့် တရုတ် ကျွမ်းဘား ကစားသမား ယန်ဝေ၏ ပြိုင်ပွဲဝင် ယှဉ်ပြိုင်ဟန်။

မြန်မာ့ရုပ်မြင်သံကြား

၁၅-၈-၂၀၀၈ရက် (သောကြာနေ့)
(၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၁၄ ရက်၊ အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ စစ်ကိုင်းတောင်ရိုး မညိုးသည့်သာသနာ(အပိုင်း-၁)
၇:၅၅ ၅။ အကပြိုင်ပွဲ
၈:၀၅ ၆။ နှောင်းခေတ်တေးပဒေသာ
၈:၁၅ ၇။ **ဖြတ်လျှောက်ရုံလေးပဲ လျှောက်ဖြစ်တော့မှာပါ**
မေသန်းနု၊ ပန်းဖြူ၊ ကျော်ဇေယျ၊ ဦးခိုင်တင်၊ ဖူးချစ်
(ဒါရိုက်တာ-မောင်မောင်ဦး၊ စန္ဒီးဝိုက်)
၈:၃၀ ၈။ International News
၈:၄၅ ၁၀။ အဆိုပြိုင်ပွဲ
၉:၀၀ ၁၁။ အစီအစဉ်ပြီး၏

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄:၁၀ ၂။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၄:၂၀ ၃။ တေးဂီတအစီအစဉ်
၄:၃၀ ၄။ အတီးပြိုင်ပွဲ
၄:၄၀ ၅။ ရန်ကုန်တိုင်း အမှတ်(၃)အခြေခံပညာဦးစီးဌာန ပဋ္ဌမအကြိမ်ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု)
(အထက-၁၊ သန်လျင်)
၅:၀၀ ၆။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံသာ
၅:၁၀ ၇။ အကပြိုင်ပွဲ
၅:၂၀ ၈။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၅:၃၀ ၉။ မြန်မာ့မီးရထားအားမာန်
၅:၄၅ ၁၀။ တေးဂီတအစီအစဉ်
၆:၀၀ ၁၁။ ညနေခင်းသတင်း
၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်
၇:၀၀ ၁၄။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကော်ဖီချစ်သူ** (အပိုင်း-၂၂)(ဇာတ်သိမ်း)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ နိုင်ငံခြားဇာတ်လမ်းတွဲ **ပင်လယ်ပျော်မင်းသား** (အပိုင်း-၂၀)
၁၉။ အစီအစဉ်ပြီး၏။

ဆန်တာခရုဇ်အား မန်စီးတီးသို့ ခေါ်ယူနိုင်ရေး ဘလက်ဘန်းအသင်းက ငြင်းဆိုခဲ့

လန်ဒန် ဩဂုတ် ၁၄

ဘလက်ဘန်းအသင်း တိုက်စစ်မှူး ဆန်တာခရုဇ်**(အောက်ပုံ)**အားပြောင်းရွှေ့ကြေး ကမ်းလှမ်းမှုကို မိမိတို့အနေဖြင့် ငြင်းပယ်ကြောင်း ဘလက်ဘန်း တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အသက်၂၆နှစ်ရှိ ပါရာဂွေး လက်ရွေးစင် ဆန်တာခရုဇ်သည် ပြီးခဲ့သော ဘောလုံးရာသီက ဂိုးပေါင်း ၂၃ ဂိုးသွင်းယူခဲ့ပြီး ၎င်းအား မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့ကလည်း ခေါ်ယူရန် ဆက်သွယ်ခဲ့သည်။

ခေါ်ယူဖွယ်ရှိ

မန်စီးတီးအသင်းနည်းပြ မာ့ခ်ဟုချ်သည် ၎င်းဘလက်ဘန်းအသင်းအား နည်းပြကိုင်တွယ်နေသည့် လွန်ခဲ့သော ဘောလုံးရာသီက ဆန်တာခရုဇ်အား ဘေယန်မြူးနစ်အသင်းမှ ပေါင် ၃ ဒသမ ၅ သန်းဝန်းကျင်ဖြင့် ခေါ်ယူခဲ့ပြီး ယခုအခါ ဆန်တာခရုဇ်အား ၎င်း၏ မန်စီးတီးအသင်းသို့ ပေါင် ၁၂ သန်းဖြင့် ခေါ်ယူဖွယ်ရှိသည်။

(အင်တာနက်)

ချစ်စိုးနိုင် စုစည်းတင်ပြသည်

မန်ယူဂိုးသမားကြီး ဗန်ဒါဆာ ဒီဇင်ဘာလတွင် အနာဂတ်ကို ဆုံးဖြတ်မည်

လန်ဒန် ဩဂုတ် ၁၄

မန်ယူအသင်း၏ အထင်ကရ ဂိုးသမားကြီး ဗန်ဒါဆာ(အောက်ပုံ)**သည် ၎င်းအနေဖြင့် ၂၀၀၈-၂၀၀၉ ဘောလုံးရာသီအပြီးတွင် ဆက်လက်ကစားလိုပါက ၎င်း၏ အနာဂတ်ကို ယခုနှစ် ဒီဇင်ဘာလတွင် ဆုံးဖြတ်မည်ဖြစ်ကြောင်း ဖွင့်ဟပြောကြားလိုက်သည်။**

ပြောကြား

အသက် ၃၇နှစ်ရှိ ဗန်ဒါဆာသည် ယူရို ၂၀၀၈ ဘောလုံးပြိုင်ပွဲ အပြီးတွင် နယ်သာလန်အသင်း လက်ရွေးစင်အဖြစ်မှ အနားယူခဲ့ပြီး ဖြစ်သည်။ သို့သော်လည်း ဥရောပချန်ပီယံပြိုင်ပွဲများကိုမူ အနည်းဆုံး လာမည့်ဘောလုံးရာသီကုန်သည်အထိ လက်စွမ်းပြနိုင်မည်ဖြစ်ကြောင်း ၎င်းက ပြောကြားထားသည်။

မိမိအနေဖြင့် လူတိုင်းက လိုလားလက်ခံနိုင်မည်ဆိုပါက လက်ရည်ရှိပြီး လက်စွမ်းပြနိုင်သေးကြောင်း ၎င်းက ဆိုသည်။ (အင်တာနက်)

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ လပတ်လုပ်ငန်းညှိနှိုင်း

မုံရွာ ဩဂုတ် ၁၀

စစ်ကိုင်းတိုင်း အမျိုးသမီးရေးရာအဖွဲ့ ဒုတိယလေးလပတ်လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၂ရက်မွန်းလွဲ ၁နာရီက မုံရွာမြို့ တိုင်းအမျိုးသမီးရေးရာအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ စစ်ကိုင်းတိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မြင့်စိုး၏ ဇနီး တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်မြဦး၊ တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူနှင့် အဖွဲ့ဝင်များ၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ရှင်းလင်း

အခမ်းအနားတွင် တိုင်းအမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ခင်မြဦးက အမှာစကားပြောကြားပြီး**(အပေါ်ပုံ)** တိုင်းအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြမြင့်သူက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြ

ဆက်လက်ပြီး ခန္တီးခရိုင်၊ မော်လိုက်ခရိုင်၊ တမူးခရိုင်၊ ကလေးခရိုင်၊ ကသာခရိုင်၊ ရွှေဘိုခရိုင်၊ မုံရွာခရိုင်နှင့် စစ်ကိုင်းခရိုင်တို့မှ အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌများက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ရှေ့လုပ်ငန်းစဉ်များကို တင်ပြကြသည်။

(ခရိုင် ပြန်/ဆက်)

ဓမ္မရုံသီမိုးကုတ်ဝိပဿနာရိပ်သာဝင်းအတွင်း စက်ရေတွင်းနှင့် ရေစင်ဆောက်ရန် အလှူငွေပေးအပ်

မန္တလေး ဩဂုတ် ၁၂

မန္တလေးတိုင်း အမရပူရမြို့နယ် မြို့ပြင်ကြီးကျေးရွာအုပ်စု ဇီးဖံကျောင်းတိုက် ဓမ္မရုံသီ မိုးကုတ်ဝိပဿနာရိပ်သာဝင်းအတွင်း အချင်းလေးလက်မ အဝီစိစက်ရေတွင်း တူးဖော်ရန်နှင့် ရေစင်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကို ဩဂုတ် ၅ရက် နံနက် ၁၀နာရီခွဲက အလှူရှင်၏နေအိမ်၌ ကျင်းပရာ မန္တလေးမြို့နေ အလှူရှင် ဦးအေးမောင်-ဒေါ်နီနီ (စိန်စမွယ်ဖူးစိန်တိုက်) မိသားစုက အလှူငွေကျပ်သိန်း ၁၂၀ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်းနှင့် အတွင်းရေးမှူး ဦးစန်းထွန်းဦးတို့က လက်ခံကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ **(အပေါ်ပုံ)** (၃၁၃)

ပန်းတနော် ထွေ/အုပ်ဦးစီးဌာန ဝန်ထမ်းမိသားစု ပညာသင်စရိတ်ထောက်ပံ့

ပန်းတနော် ဩဂုတ် ၁၀

ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရှိ ဝန်ထမ်းသားသမီးများအား ၂၀၀၈-၂၀၀၉ ပညာသင်နှစ်အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေနှင့် ဝန်ထမ်းတူညီဝတ်စုံအတွက် ထောက်ပံ့ပွဲ အခမ်းအနားကို ဩဂုတ် ၄ ရက်က ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ပန်းတနော်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးမြဦးနှင့် မိသားစုစည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒေါ်တင်မေရီတို့က အမှာစကားပြောကြားကြသည်။

ထောက်ပံ့

ထို့နောက် ထောက်ပံ့ကြေးငွေ ချီးမြှင့်ပေးအပ်ပွဲကို ဆက်လက် ကျင်းပရာ တာဝန်ရှိသူများက အခြေခံပညာအထက်တန်းအောင် ကျောင်းသား ကျောင်းသူ ခုနစ်ဦးနှင့် အခြေခံပညာအဆင့် ကျောင်းသား ကျောင်းသူ ၅၃ဦး စုစုပေါင်း ၆၀ တို့အား ပညာသင်စရိတ်ထောက်ပံ့ကြေးငွေကျပ် ၃၁၂၀၀၀ နှင့် ဝန်ထမ်းတူညီဝတ်စုံအတွက် ငွေကျပ် ၂၁၆၀၀၀ စုစုပေါင်းငွေကျပ် ၅၂၈၀၀၀ ထောက်ပံ့ခဲ့ကြောင်းသိရသည်။**(အပေါ်ပုံ) (မြို့နယ် ထွေ/အုပ်)**

မိုင်းဆတ်မြို့၌ စာဖတ်သူတိုးပွားရေး ရည်ရွယ်ချက်ဟောပြော

မိုင်းဆတ် ဩဂုတ် ၁၁

မိုင်းဆတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးနှင့် မြို့နယ်ပညာရေးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေး၊ စာဖတ်သူတိုးပွားစေရေး ရည်ရွယ်ချက်ဖြင့် မိုင်းဆတ်မြို့ အထက်တန်းကျောင်းတွင် ဩဂုတ် ၉ရက် နံနက်ပိုင်းက ရည်မှန်းချက်ရှိရမယ်ခေါင်းစဉ်ဖြင့် ခရိုင်ဦးစီးအရာရှိ ဦးအုန်းထွန်းက ဟောပြောရာ ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာကြီး ဦးမောင်မောင်နှင့် ဆရာ ဆရာမများ၊ အခြေခံပညာအထက်တန်း ကျောင်းသား ကျောင်းသူ ၁၁၃ဦး တက်ရောက်ကြသည်။ **(ခရိုင် ပြန်/ဆက်)**

ဇူလိုင် ၂၆ရက်က ကမာရွတ်မြို့နယ် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသော ၂၀၀၇-၂၀၀၈ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုတ်ရိုးနံရံနှင့် ကျောင်းဝင်းသံတံခါးကြီး လှူဒါန်းသော အလှူရှင်ဦးလွင်-ဒေါ်ဆီး(Lwin &Swan Co.,Ltd.)မိသားစုအား မြို့နယ်လက်ထောက်ပညာရေးမှူး ဦးဝင်းနိုင်က ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။
(ပညာရေး)

စာကြည့်တိုက်ရေရှည်တည်တံ့ရေး မင်းကင်း၌ စာအုပ်များ လှူဒါန်း

မင်းကင်း ဩဂုတ် ၂

ကလေးခရိုင် မင်းကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာကြည့်တိုက် ရေရှည်တည်တံ့ ခိုင်မြဲရေးအတွက် စာအုပ်များလှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၁၅ရက် နံနက် ၉နာရီက မြို့နယ်ရုံး စာကြည့်တိုက်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမြင့်စိန်က အဖွင့်အမှာစကားပြောကြားပြီး ကလေးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းခင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် စာအုပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး အလှူရှင်ငါးဦးတို့က မြို့နယ်ဦးစီးမှူး ဦးမောင်မောင်အေးထံ ဂျာနယ်၊ သုတရသစာအုပ် စုစုပေါင်း ၇၃၃အုပ် တန်ဖိုးငွေကျပ် ၄၀၄၆၀၀ကို လှူဒါန်းကြသည်။

(မြို့နယ် ပြန်/ဆက်)

ရပ်စောက်မြို့ လမ်းဘေးဝဲယာတွင် အရိပ်ရပန်းအလှပင်များ စိုက်ပျိုးပြုစုခြင်း လုပ်ငန်းကို ဇွန် ၁၇ရက်က ရပ်စောက်မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသစ်ထူးမြင့်နှင့် တာဝန်ခံအင်ဂျင်နီယာ ဦးတင်ဝမ်းမောင်တို့ ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြို့နယ် သတင်းများ

ခန္တီးမြို့နယ်၌ မိုးစပါးစုပေါင်းစိုက်ပျိုးပွဲကျင်းပ

ခန္တီး ဩဂုတ် ၁၀

ခန္တီးမြို့နယ် ကင်းတော်ကျေးရွာ ကွင်းအမှတ်(၂)တွင် ၂၀၀၈-၂၀၀၉ခုနှစ် မိုးစပါးစုပေါင်းစိုက်ပျိုးပွဲကို ဇူလိုင် ၃၀ရက် နံနက် ၈နာရီက ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးမျိုးကိုကိုက မိုးစပါးစုပေါင်းစိုက်ပျိုးပွဲ ကျင်းပရခြင်းအကြောင်း အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေး မန်နေဂျာ ဒေါ်နန်းအမ်းထော်က စိုက်ပျိုးနည်းစနစ်များနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ကင်းတော်ကျေးရွာ ကွင်းအမှတ်(၂)၌ ဒေသခံတောင်သူများနှင့် ကောက်စိုက်လုံမေများက ဆင်းသွယ်လတ်အထွက်ကောင်း မျိုးစပါး၁၀ဧကကို စိုက်ပျိုးကြသည်။

အဆိုပါ မိုးစပါးစုပေါင်းစိုက်ပျိုးပွဲသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးမျိုးကိုကိုနှင့်အဖွဲ့ဝင်များ၊ ခရိုင်၊ မြို့နယ်အဆင့် စိုက်/ကြပ်အဖွဲ့ဝင်များ၊ မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ဒေသခံတောင်သူများနှင့် ကောက်စိုက်လုံမေများ စုစုပေါင်းအင်အား ၁၅၀ ကျော် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

ပဲခူးတိုင်း(အနောက်ပိုင်း) လက်ပံတန်းမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော မကျီးကွင်း(အနောက်) ကျေးရွာ နှစ်လက်မ စက်ရေတွင်း တူးဖော်ခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ဩဂုတ် ၈ ရက်က အမှုဆောင်အရာရှိ ဦးနေမန်းနှင့် တာဝန်ခံအင်ဂျင်နီယာ ဦးအောင်သူတို့ ကွင်းဆင်း ကြီးကြပ်ပေးစဉ်။ (၁၇၅)

သွေးလွန်တုပ်ကွေးကာကွယ်နှိမ်နင်းရေး ပင်လောင်း၌ အသိပညာပေးဟောပြော

ပင်လောင်း ဩဂုတ် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အသိပညာပေးဟောပြောပွဲကို ဇူလိုင်၂၆ရက် နံနက် ၈နာရီက ဘန့်ဖယ်ရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ဥက္ကဋ္ဌဦးစန်ဝင်းက အမှာစကားပြောကြားပြီး မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာတိုးမောင်က သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေး ဟောပြောသည်။

ယင်းနောက် မြို့နယ်ဥက္ကဋ္ဌ၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူးနှင့်အဖွဲ့ဝင်များသည် ဘန့်ဖယ်ရပ်ကွက်အတွင်း သောက်ရေ၊ သုံးရေများတွင် ပိုးလောက်လမ်း နှိမ်နင်းရေးလုပ်ငန်း ဆောင်ရွက်နေမှု၊ ဖုံး၊ သွန်၊ လဲ၊ စစ် လက်တွေ့သရုပ်ပြခြင်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးကြသည်။ **(မြို့နယ် ပြန်/ဆက်)**

THREE FRIENDS CONSTRUCTION CO., LTD.

Thaiply · Modern Furniture (MDF, PLy, Chip, Teak) · Composite · Rollershutter · Home Renovation · Architectural Design

(PAE) · 30'x40' RC

Laminated Floor · Wall Paper · Plaster Board · Plaster Cornice · Gypsum Board

Laminated Floor, Wall Paper Design

44A(1) ... 01-201478, 294864, 298341, 299947, 396683, 09-50 11443, 09-51 54853

ရောင်းရန်ကြော်ငြာ

(တရားမကျင့်ထုံး ကိုဒ့်ပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)
မြင်းခြံခရိုင်တရားရုံး
၂၀၀၇ခုနှစ် တရားမဇာရီမှုအမှတ် -၄၄

မန်နေဂျာ နှင့် ဦးချစ်ဝေကြည်
မြန်မာ့စီးပွားရေးဘဏ်
မြင်းခြံမြို့။
တရားနိုင် **တရားရှုံး**

၂၀၀၁ခုနှစ် တရားမကြီးမှုအမှတ်-၁၅၁တွင် ရရှိခဲ့သော ဒီကရီအရ အောက်အမည်ပါ ပစ္စည်းကို ၂၀၀၈ခုနှစ် စက်တင်ဘာ ၂၂ရက် (မြန်မာသက္ကရာဇ် ၁၃၇၀ပြည့်နှစ် တော်သလင်းလပြည့်ကျော် ၈ရက်) မွန်းမတည့်မီ ၁၀နာရီအချိန်တွင် ပစ္စည်းတည်ရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

မြင်းခြံမြို့ အမှတ် ၁၂/၁၄၄ ရပ်ကွက်၊ မြေကွက်အမှတ် ၃၃၊ ဦးပိုင်အမှတ် ၁၅၊ ဧရိယာ၀ဒသမ၀၉၉ဧကရှိမြေနှင့် ယင်းမြေကွက်ပေါ်ရှိ (၄၀×၂၁×၂၆)ပေရှိ နှစ်ထပ်ပတ်ကားတိုက်တွင် ဆင်ဝင်(၂၀×၁၀×၂၄)ပေ သံကူကွန်ကရစ်ပါဝင်လျက် (၃၈×၁၂×၉) ပေ ပတ်ကားသံကူကွန်ကရစ် ထပ်ချင်းတိုက်။

ကြမ်းခင်းဈေး ကျပ် ၁၈၅သိန်း။

ရောင်းချရန် စည်းကမ်းချက်များ

(၁) စာရင်းတွင်ဖော်ပြပါရှိသော အချက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်း တစ်ခုခုအတွက် တရားရုံးက တာဝန်ခံမည်မဟုတ်ပါ။

(၂) လေလံတင်ရောင်းရမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည် ဖြစ်သည်။

(၃) လေလံစည်းကမ်း အချက်အလက်များကို ရောင်းသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက်မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၈ခုနှစ် ဩဂုတ် ၁၁ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဒေါ်မေလေးညို(တ/၁၆၁၄)
ခရိုင်တရားသူကြီး
ခရိုင်တရားရုံး၊ မြင်းခြံမြို့။

မြန်မာ့အလင်းသတင်းစာ (၈-၈-၂၀၀၈) ရက်စွဲပါ ဦးဗိုလ်နိုင်၏ ကြေညာချက်ကို ပြန်လည်ရှင်းလင်းကြေညာခြင်းနှင့် ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၁၉ နှင့် ပတ်သက်၍

အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ သမ္မာဒိဋ္ဌိလမ်း၊ အမှတ် ၄ နေ ဦးမျိုးအောင် ၁၂/တမန(နိုင်) ၀၀၀၀၉၅ ၏ ညွှန်ကြားချက်အရ ကြေညာအပ်သည်မှာ-

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ လူနေရပ်ကွက်အမှတ်-၃၄၊ မြေတိုင်းရပ်ကွက်အမှတ် ၃၄ အီး၊ မြေကွက်အမှတ် ၁၃၃၊ မြေဧရိယာ အလျား (၈၉'၁သမ ၆"၊ ၉၆' ၁သမ ၆"Xအနံ ၄၃'၊ ၄၄'၁သမ၆") ၀ ဒသမ ၀၉၄၃ ဧက (၄၀၆၉ စတုရန်းပေ) အကျယ်အဝန်းရှိ နှစ် ၆၀ ဂရန်မြေနှင့် မြေပေါ်ရှိ ရန်ကုန်တိုင်း တာမွေမြို့နယ် တာမွေကြီး(ခ)ရပ်ကွက် အရှေ့မြင်းပြိုင်ကွင်းလမ်း၊ အမှတ် ၁၉ ဟု ခေါ်တွင်သည့် တစ်ထပ် အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်သည် တရားရုံးချုပ် တရားမအထူးအယူခံမှုအမှတ်-၁၃/၀၅ တွင် ချမှတ်သော ၈-၇-၂၀၀၅ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအရ ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူများက ဦးဝေါ်ဘွန်ကောင်း၊ ဦးတင်ထွန်းနှင့် ဦးမျိုးအောင်တို့ထံ သဘောတူညီ ရောင်းချခဲ့ရာတွင် အဆိုပါ အမွေဆိုင်များအနက် တစ်ဦးဖြစ်သူ ဦးဗိုလ်နိုင်က ပိုင်ဆိုင်ကြောင်းစာချုပ်အမှတ် ၄၅၉၀/၀၅ ဖြင့် ပိုင်ဆိုင်ကြောင်း ကြေညာစေလျက် ဦးဝေါ်ဘွန်ကောင်း၊ ဦးတင်ထွန်းနှင့် ဦးမျိုးအောင်တို့အား အရောင်းအဝယ် မှတ်ပုံတင်စာချုပ်အမှတ်-၁၆၂၆/၀၅ ကို ချုပ်ဆိုမှတ်ပုံတင်သွင်းကာ ဦးဝေါ်ဘွန်ကောင်း၊ ဦးတင်ထွန်းနှင့် ဦးမျိုးအောင်တို့ သုံးဦး လက်ရှိထား ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော ပစ္စည်းဖြစ်ပါသည်။

ဦးဗိုလ်နိုင်ကိုယ်တိုင် တရားရုံးအဆင့်ဆင့်တို့၌ တင်ပြခဲ့သည့်အချက်များကို ဆန့်ကျင်ပြီး အဆိုပါပစ္စည်းနှင့်ပတ်သက်၍ ဖော်ပြပါ တရားဝင်ပိုင်ရှင် သုံးဦး၏ ပိုင်ဆိုင်မှုနှင့် ပိုင်ရှင်၏ အခွင့်အရေးကို ဦးဗိုလ်နိုင်အပါအဝင် မည်သူတစ်ဦးတစ်ယောက်ကမျှ ဟန့်တားနှောင့်ယှက်မှု မပြုကြပါရန်နှင့် ဟန့်တားနှောင့်ယှက်မှုများ ပေါ်ပေါက်လာပါက ထပ်မံကြေညာတော့မည် မဟုတ်ဘဲ ဥပဒေနှင့်အညီ ဖြေရှင်းခြင်း၊ အရေးယူဆောင်ရွက်ခြင်းတို့ကို ပြုလုပ်တော့မည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ-
ဒေါ်ခင်မာဌေး
တရားရုံးချုပ်ရှေ့နေ
အမှတ် ၄၆၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

သစ်တော သစ်ပင် ဒို့ချစ်ခင် နှစ်စဉ် စိုက်ပျိုး အလှတိုး

ထားဝယ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဗိုလ်ချုပ်မြင်းစီးကြေးရုပ်အဝိုင်း မြေခင်းအလှပြုပြင်ထားမှုကို ဇွန်၁၀ရက်က တနင်္သာရီတိုင်းစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းထူး ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးစိုးညွန့်က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သထုံမြို့နယ် ပညာပျိုးခင်းစာကြည့်တိုက် တစ်နှစ်ပြည့်အခမ်းအနားကျင်းပ

သထုံ ဩဂုတ် ၉

မွန်ပြည်နယ် သထုံမြို့နယ် တောင်စွန်းကျေးရွာ ကိုးတန်းကျောင်းဝတ္တကမြေအတွင်း၌ တည်ဆောက်ထားသော ပညာပျိုးခင်းစာကြည့်တိုက်၏ တစ်နှစ်ပြည့် နှစ်ပတ်လည်အခမ်းအနားကို ဇူလိုင် ၁၁ရက် နံနက် ၉နာရီက အဆိုပါ ကိုးတန်းကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ကြွရောက်လာသူများက ဝင်းပဇောတိကာရုံ ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသိရိန္ဒထံမှ ငါးပါးသီလ ခံယူ ဆောက်တည်ကြသည်။ ထို့နောက် သထုံမြို့နယ် မိုးညှင်းကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တကေသဝက စာကြည့်တိုက်၏ အကျိုးကျေးဇူးများကိုလည်းကောင်း၊ ပေါင်မြို့နယ် ကုလားချောင်ကျေးရွာ ပရိယတ္တိသာသနဟိတ ပဓာနနာယကဆရာတော် အရှင်တေဇဝရက စာကြည့်တိုက် ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကိုလည်းကောင်း ဩဝါဒစကား မြွက်ကြားသည်။

ထို့နောက် ကြွရောက်လာကြသူများက လှူဖွယ်ဝတ္ထုအစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ရန်ကုန်တိုင်း စည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူး ဦးအေးမြင့်နှင့်အဖွဲ့ ဇူလိုင် ၂၂ရက်က ကျောက်တန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် မြို့မပန်းခြံရှိ ပျိုးဥယျာဉ်အတွင်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မြင့်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးမျိုးမြင့်ဝင်းတို့က ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပခုက္ကူမြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်သော ကမ္မ-ရေလာ-ထန်းတပင်လမ်းပေါ်ရှိ ကွန်ကရစ်တံတားအမှတ် (၂)တည်ဆောက်ခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်မင်းမင်းသန့် ဆောင်ရွက်ခြင်းကို ဇူလိုင် ၁၇ရက်က အမှုဆောင်အရာရှိ ဦးသက်ပိုင်နှင့် တာဝန်ခံအင်ဂျင်နီယာ ဒေါ်သန်းသန်းထွေးတို့ ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

ညောင်တုန်းမြို့၌ မြောင်းကူးတံတား ကွန်ကရစ်လောင်း

ညောင်တုန်း ဩဂုတ် ၅

ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ဆောင်ရွက်လျက်ရှိသော ဗိုလ်ချုပ်လမ်းဖြတ် မြောင်းကူးတံတား ကွန်ကရစ်သွန်းလောင်းခြင်းကို ဇူလိုင် ၁၃ရက်က ဆောင်ရွက်ရာ အမှုဆောင်အရာရှိ ဦးမြင့်မောင်နှင့် လက်ထောက်အင်ဂျင်နီယာ ဦးအောင်ကျော်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြကြောင်း သိရသည်။ **(မြို့နယ်စည်ပင်)**

ကံမမြို့ ကန်လည်ဘုရားလမ်း ကွန်ကရစ်တံတားကို ခေတ္တ အမှုဆောင်အရာရှိ ဦးအောင်ဖုံနှင့် အငယ်တန်းအင်ဂျင်နီယာ(၂)ဦးသန်းဦးတို့ ကြီးကြပ်ပေးစဉ်။ (မြို့နယ်စည်ပင်)

မောက်မယ်မြို့ ပြည်သူ့ဆေးရုံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

လင်းခေး ဩဂုတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)လင်းခေးခရိုင် မောက်မယ်မြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း၌ ဇူလိုင်၁၃ရက် နံနက်၇နာရီက နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီးတင်ဆွေ၏ ကြီးကြပ်မှုဖြင့် မြို့နယ်ဥက္ကဋ္ဌဦးစိုးမြင့်ဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့ပေါ်ခုနစ်ရပ်ကွက်မှ ပြည်သူများ၊ နယ်မြေခံတပ်ရင်းမှ အရာရှိ၊ အရာခံ၊ အကြပ် စစ်သည်များ စုပေါင်း၍ သန့်ရှင်းရေးဆောင်ရွက်ကြသည်။

(ခရိုင် ပြန်/ဆက်)

လေဘေားသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသသို့မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နိုးဆော်အပ်ပါသည်။

★ မိုးလုံးပြည့် မုသာဝါဒီတွေ တိုင်းပြည်ပျက်အောင် လုပ်နေသည်
★ BBC ညာနေသည်
VOA လိမ်နေသည်
RFA ရန်တိုက်ပေးနေသည်
★ အဲဒီ ကုန်းချောသွေးထိုးသူများ မယုံလေနဲ့ သတိထား

ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများနှင့်ပတ်သက်၍ အလွဲသုံးစားပြုမှုများ တွေ့ရှိပါက တိုင်ကြားနိုင်

လေဘေားသင့်ခံရသူများအတွက် ပြည်တွင်း၊ ပြည်ပမှ လှူဒါန်းသော ငွေ၊ ပစ္စည်းများကို မရိုးဖြောင့်သောသဘောဖြင့် ထိန်းသိမ်းထားခြင်း၊ ရောင်းဝယ်ခြင်း၊ လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အသုံးချခြင်း၊ အခြားကိစ္စရပ်များအတွက် အလွဲသုံးစား ပြုခြင်းများကို တွေ့မြင်သိရှိပါက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန-

ရုံးအဖွဲ့မှူး ဖုန်း-၀၆၇ ၄၀၄၀၂၁၊ ဖုန်း-၀၆၇ ၄၀၄၀၂၂ နှင့်
ဒုတိယရုံးအဖွဲ့မှူး ဖုန်း-၀၉၈၆ ၀၁၀၀၂ တို့သို့ တိုင်ကြားနိုင်ပါသည်။

အိုင်တီနည်းပညာထုတ်ကုန်ပစ္စည်းများ လေ့လာသိရှိစေနိုင်မည့် ၂၀၀၈ခုနှစ် မိုဘိုင်းလ်ဖုန်းနှင့် နည်းပညာပြပွဲ

တွေ့ဆုံမေးမြန်းရေးသားသူ - မောင်မောင်မြင့်ဆွေ၊ စာမျက်နှာဖွဲ့စည်းမှု - သန်းဇော်
ဓာတ်ပုံမှတ်တမ်း - တင်စိုး(မြန်မာ့အလင်း)

၂၀၀၈ ခုနှစ် မိုဘိုင်းလ်ဖုန်းနှင့် နည်းပညာပြပွဲတွင် ပြသထားသည့် မိုဘိုင်းလ်ဖုန်းကို ဤသို့တွေ့ရသည်။ (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၄

မြန်မာနိုင်ငံ၏ အိုင်တီနည်းပညာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်မှာ အိုင်တီထုတ်ကုန်ပစ္စည်းများကို ပြည်သူများ ထိတွေ့သုံးစွဲနိုင်မှု၊ သိရှိနားလည်နိုင်မှုများ ကျယ်ကျယ်ပြန့်ပြန့် ဖြစ်ထွန်းလာစေရန် အထူးလိုအပ်လျက်ရှိသည်။

ဘက်စုံဝန်ဆောင်မှု

ထိုသို့ ပြည်သူများလေ့လာသိရှိနိုင်ရန်အတွက် **'၂၀၀၈ခုနှစ် မိုဘိုင်းလ်ဖုန်းနှင့် နည်းပညာပြပွဲ'** ကို ရန်ကုန်မြို့ ဒေါပုံမြို့နယ်ရှိ CAPITAL Hypermart ၌ ဩဂုတ် ၁၅ရက် **(ယနေ့)**မှ ၁၇ရက်အထိ ကျင်းပနေပြီဖြစ်သည်။

ထို့ကြောင့် အဆိုပါပြပွဲနှင့်ပတ်သက်၍ ပြပွဲစီစဉ်သူနှင့် SM³ မှ ဒါရိုက်တာတစ်ဦးလည်းဖြစ်သည့် ကိုတင်မျိုးဟန်နှင့် တွေ့ဆုံမေးမြန်းခဲ့ရာ "၂၀၀၈ခုနှစ်မှာ ထွက်ရှိတဲ့ မိုဘိုင်းလ်ဖုန်းတွေကို တစ်နေရာတည်းမှာ ပြသပေးချင်တဲ့အပြင် ဒီမိုဘိုင်းလ် ဖုန်းတွေကို ဘယ်လိုသုံးလို့ရတယ်။ ဘယ်လောက်အထိ ဘက်စုံဝန်ဆောင်မှုပေးနိုင်တယ်ဆိုတာကို ပြည်သူတွေသိစေချင်လို့ပါပဲ။ နောက်ပြီး ဈေးကွက်ထဲကို မရောက်သေးတဲ့ ဖုန်းအသစ်တွေဟာ သုံးစွဲသူတွေသိထားတာထက်ပိုပြီး အသုံးပြုလို့ရတယ် ဆိုတာတွေကအစ ပြပွဲလာတဲ့သူတွေ သိရှိအောင် မိတ်ဆက်ပေးချင်တဲ့ဆန္ဒနဲ့ ဒီပြပွဲကို ပြုလုပ်ဖြစ်တာပါ"ဟု ကိုတင်မျိုးဟန်က ဦးစွာရှင်းပြသည်။

အသုံးချ

အိုင်တီနည်းပညာသုံး မိုဘိုင်းလ်ဖုန်းအသစ်များ နေ့စဉ်နီးပါးခန့် ပေါ်ထွက်လာလျက်ရှိရာ မိုဘိုင်းလ်ဖုန်း သုံးစွဲသူများအတွက် မိမိအသုံးပြုလျက်ရှိသော မိုဘိုင်းလ်ဖုန်းများ၏ စနစ်ကို အပြည့်အဝသိရှိအသုံးချနိုင်ရန် လိုအပ်သည်။ *စာမျက်နှာ ၁၂ ကော်လံ ၁* ●

ကြည့်သူရင်ကို စွဲကိုင်လှုပ်ယမ်းနိုင်သည့် ဓာတ်ပုံအနုပညာရှင် ဖေမြင့်ဦး၏ ဓာတ်ပုံလက်ရာက ဤသို့ အမြင်ဆန်းသစ်လှသည်။ (မြန်မာ့အလင်း)

မြင်ကွင်းစုံစုံ၊ ရသအဖုံဖုံပေးစွမ်းနိုင်သည့် ရှုဖွယ်စုံလင် မြန်ပြည်တစ်ခွင် ဓာတ်ပုံပြပွဲ

ဓာတ်ပုံပြပွဲမြင်ကွင်း – မိုးမြင့်လင်းလက်
ဓာတ်ပုံမှတ်တမ်း – တင်စိုး (မြန်မာ့အလင်း)
စာမျက်နှာဖွဲ့စည်းမှု – ဟန်စိုး (မြန်မာ့အလင်း)

ရန်ကုန် ဩဂုတ် ၁၄

အလှူဒါနဆိုသည်မှာ စိတ်စေတနာအပေါ်အရင်းခံပြီး ပေါ်ပေါက်ဆောင်ရွက်တာမျိုး ဖြစ်တာမို့ စိတ်ထားကောင်းရင် ကောင်းသလောက် အကျိုးကျေးဇူး ကြီးမားတတ်ပါတယ်။ ဒီလိုအလှူမျိုးဖြစ်တဲ့ **'ရှုဖွယ်စုံလင် မြန်ပြည်တစ်ခွင်'** ဓာတ်ပုံပြပွဲအမည်နဲ့ မြန်မာနိုင်ငံဓာတ်ပုံအသင်းက ကြီးမှူးကျင်းပတဲ့ ဓာတ်ပုံပြပွဲတစ်ရပ်ကို ရန်ကုန်မြို့ ဗိုလ်ချုပ်လမ်းမှာရှိတဲ့ ဂရင်းမီးရထားဟိုတယ် ပထမထပ် အနုပညာခန်းမမှာ ဩဂုတ် ၁၅ ရက် **(ယနေ့)**မှ ၁၇ ရက်အထိ ခင်းကျင်းပြသနေပြီဖြစ်ပါတယ်။ *စာမျက်နှာ ၈ ကော်လံ ၁* ■

15-8 (20).pmd 1 3/13/2003, 6:31 AM